(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့  ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူး အချပ်ပို (က)

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။



## ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ
၂၀၂၄ ခုနှစ်၊ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၄





(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဆောင်းပါး

# ညီနောင်တစ်စု တည်ထောင်ပြုတဲ့ တို့ပြည်ထောင်စု




"ပြည်ထောင်စု" တဲ့။ သူ့ရဲ့နာမည်လေးကိုက လှလိုက်တာ။ ခေါ်ရတာလည်း ကျက်သရေရှိလိုက်တာ။ ဒီလိုလှပမှုမျိုး၊ ကျက်သရေရှိမှုမျိုးကို တော်ရုံအားဖြင့် ဘယ်နိုင်ငံကမှ ပိုင်ဆိုင်ခွင့်မရနိုင်ပေ။ တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာ ဖြစ်တည်နေထိုင်နေကြသည့် နိုင်ငံများတွင်သာ ဒီလိုမျိုးအခေါ်အဝေါ်အသုံးအနှုန်းကို သုံးစွဲခွင့်ရှိသည်။

ပြည်ထောင်စု၏အဓိပ္ပာယ်က သိပ်ကိုလေးနက်လှသည်။ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာပြည်နယ်များ၊ ဒေသများက နိုင်ငံတော်ကြီး၏တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသည်။ ထိုပြည်နယ်၊ ဒေသများတွင်ရှိသော တိုင်းရင်းသားများကလည်း အခြားသော တိုင်းရင်းသားများရှိရာ ပြည်နယ်၊ ဒေသများသို့ သွားရောက်အခြေချပြီး လွတ်လပ်စွာနေထိုင်နိုင်သည်။ ထိုမှတစ်ဆင့် သွေးချင်းလည်း ပိုမိုနီးစပ်သွားရသည်။ တစိမ့်စိမ့်တွေး တရေးရေးပေါ်ဆိုသလိုပင် ပြည်ထောင်စု၏အဓိပ္ပာယ်ကို တွေးရင်းတွေးရင်းဖြင့်ပင် တဖြည်းဖြည်းပုံဖော်နေမိပါသည်။

မိမိတို့မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူ၍ တိုင်းရင်းသားများရှိသည်။ ထိုတိုင်းရင်းသားများမှနေ၍ ဆင့်ပွားလာသည့်လူမျိုးစုပေါင်း ၁၃၅ မျိုးရှိသည်။ ယခင့် ယခင်တုန်းကတော့ တိုင်းရင်းသားများသည် ကိုယ့်ဒေသတွင်သာ ကိုယ်နေထိုင်ကျင်လည်ခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံသည်လည်း နိုင်ငံအဆင့်ဟူ၍မဖြစ်သေးပေ။ တိုင်းရင်းသားဒေသငယ်များသည်လည်း မြို့ပြနိုင်ငံငယ်လေးများအဖြစ်သာ တည်ရှိနေဆဲဖြစ်သည်။

သို့သော် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားဟူသော မင်းကောင်းမင်းမြတ်များက ပထမမြန်မာနိုင်ငံ၊ ဒုတိယမြန်မာနိုင်ငံ၊ တတိယမြန်မာနိုင်ငံဟူ၍ အဆင့်ဆင့်တည်ထောင်ခဲ့ပြီးနောက် ဒေသတစ်ခုမှတိုင်းရင်းသားများက အခြားဒေသတစ်ခုသို့ လွတ်လပ်စွာသွားလာနေထိုင်ပြီး လုပ်ကိုင်စားသောက်ကြခြင်းအားဖြင့် မြန်မာနိုင်ငံဟူသောရုပ်လုံးက ပီပီပြင်ပြင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပြည်ထောင်စုဟူသောအဆင့်သို့ကား တက်လှမ်းနိုင်ခြင်းမရှိသေးပေ။ အကြောင်းရင်းမှာမူ ဒုက္ခနှင့်မကြုံရသေးသည့်အတွက် သွေးစည်းညီညွတ်မှုကို မမြင်တွေ့ရသေးသောကြောင့်ပင်ဖြစ်သည်။

ခရစ်နှစ် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်တွင် ပထမအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၅၂ ခုနှစ် ဧပြီလ ၅ ရက်တွင် ဒုတိယအကြိမ် အင်္ဂလိပ် - မြန်မာစစ်ပွဲ၊ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် တတိယအကြိမ် အင်္ဂလိပ် - မြန်မာစစ်ပွဲတို့ဖြင့် မြန်မာနိုင်ငံက သူ့ကျွန်ဘဝသို့ရောက်ခဲ့ရခြင်းဖြစ်သည်။ နယ်ချဲ့များက မြန်မာနိုင်ငံကိုသိမ်းပိုက်ရာတွင် တစ်နိုင်ငံလုံးကိုသိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ဟိုပြည်နယ်ကိုတော့ ဘယ်တိုင်းရင်းသားရှိလို့၊ သည်ပြည်နယ်ကိုတော့ သည်တိုင်းရင်းသားရှိလို့ဆိုပြီး ချန်လှပ်ခဲ့ခြင်းမျိုးမရှိပေ။ မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် ဒေသများအားလုံး၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးစလုံးသည် နယ်ချဲ့တို့၏သူ့ကျွန်ဘဝသို့ အားလုံးညီတူရောက်ရှိခဲ့ခြင်းသာဖြစ်သည်။



ထို့အတွက်ကြောင့်လည်း နယ်ချဲ့လက်အောက်၌ သူ့ကျွန်ဘဝဖြင့်နေထိုင်လိုခြင်းမရှိသော သန္နိဋ္ဌာန်စိတ်မှာ တိုင်းရင်းသားပြည်သူအားလုံး၏စိတ်တွင်းဝယ် ကိန်းအောင်းခဲ့ကြခြင်းဖြစ်သည်။ ထိုကဲ့သို့သောသန္နိဋ္ဌာန်စိတ်ဖြင့်ပင် တိုင်းရင်းသားအားလုံးစုပေါင်းကာ နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြခြင်းဖြစ်သည်။ နောက်ဆုံးမှာတော့ နယ်ချဲ့များကလည်း မြန်မာနိုင်ငံကိုမဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည့်အခြေအနေသို့ဆိုက်ရောက်လာရသည်။ ထိုအခြေအနေသို့ဆိုက်ရောက်လာရခြင်းသည် မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသားများအားလုံး၏ စုပေါင်းအားကြောင့်ပင်ဖြစ်သည်။ ဤနေရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကိုမြင်တွေ့လိုက်ရသည့်အတွက် ပြည်ထောင်စုနိုင်ငံကြီးပေါ်ပေါက်လာမည့် အလင်းရောင်ကိုလှမ်းမြင်လိုက်ရပြီဟု ဆိုရမည်ဖြစ်သည်။

နယ်ချဲ့တို့က ကောက်ကျစ်လှသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခါနီးတွင် ပြည်မနှင့်တောင်တန်းဒေသများအားလုံးက တူညီသောဆန္ဒရှိမှသာ လွတ်လပ်ရေးပေးမည်ဟု သဘောထားထုတ်ပြန်လာသည်။ သူတို့၏စိတ်ထဲမှာကား တောင်တန်းနှင့်ပြည်မကိုသွေးခွဲအုပ်ချုပ်ထားသည့်အတွက် တိုင်းရင်းသားများစိတ်ဝမ်းကွဲနေပြီဟု ယူဆထားပုံရသည်။ တကယ်တမ်းလက်တွေ့မှာမူ အစောပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် နယ်ချဲ့လက်အောက်၌ သူ့ကျွန်ဘဝဖြင့် နေထိုင်လိုခြင်းမရှိသော သန္နိဋ္ဌာန်စိတ်၏ ခိုင်မာမှုကြောင့် တောင်တန်းဒေသများမှ တိုင်းရင်းသားများသည်လည်း ပြည်မမှ တိုင်းရင်းသားများနှင့်အတူ လက်တွဲကာ လွတ်လပ်ရေးကိုအရယူမည်ဟူသော အသံက ဟစ်ကြွေးထွက်ပေါ်လာသည်။ နယ်ချဲ့တို့ကား သူတို့မျှော်လင့်ထားသကဲ့သို့မဖြစ်လာနိုင်တော့သည်ကို မြင်တွေ့ရသည့်အတွက် မြန်မာနိုင်ငံကိုလုံးဝလွတ်လပ်ရေးပေးလိုက်ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရလာခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံခြင်းအားဖြင့် ရရှိလာသည်ဟုဆိုရပေမည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသည်လည်း ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ်သို့ တက်လှမ်းရောက်ရှိလာပြီဖြစ်သည်။

ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တည်ထွန်းကားရေးအတွက် အခြေခံအုတ်မြစ်ချသောနေ့တစ်နေ့ကိုတော့ မိမိတို့အားလုံး အမှတ်ရနေသင့်သည်။ ထိုနေ့သည်ကား ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ပင်ဖြစ်သည်။ ထိုနေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားကိုယ်စားလှယ်ကြီးများက ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူသည့်အနေဖြင့် သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုသည့်နေ့ဖြစ်သည်။ ထိုအကြောင်းအရာကိုပင် အစွဲပြုကာ ဖေဖော်ဝါရီလ ၁၂ ရက်ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ ထိုပြည်ထောင်စုနေ့နှင့်အတူ ပေါ်ထွန်းလာသော ပြည်ထောင်စုစိတ်ဓာတ်သည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးအတွက် အခြေခံအကျဆုံးသော ထောက်တိုင်တစ်ခုလည်းဖြစ်ပေသည်။ တစ်နည်းဆိုရလျှင်ပြည်ထောင်စုစိတ်ဓာတ်ရှိနေခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံ၏လွတ်လပ်ရေးတည်ရှိနေခြင်းဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင်ကား နယ်ချဲ့လက်သစ်များ၏ သွေးထိုးမြှောက်ပင့်မှု၊ သွေးခွဲမှုများကြောင့် မိမိတို့ပြည်ထောင်စုအတွင်းတည်ရှိနေထိုင်နေကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများမှာ တစ်ဦးကိုတစ်ဦး ရန်စောင်သည်သာမက တစ်ဖက်နှင့်တစ်ဖက် လက်နက်စွဲကိုင်တိုက်ခိုက်မှုများ အပြင်ပြည်ထောင်စုကြီးကိုဖွဲ့ထုတ်ရန်အထိပင် ကြိုးပမ်းလာသည်များကို မြင်တွေ့လာနေရသည်။ သို့သော် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြင့်ဖွဲ့စည်းထားသည့်တပ်မတော်သို့တည်းမဟုတ် ပြည်ထောင်စုတပ်မတော်ကြီးရှိနေခြင်းကြောင့် မိမိတို့၏ပြည်ထောင်စုနိုင်ငံကြီးက ကမ္ဘာ့မြေပုံပေါ်တွင် ယခင်အတိုင်း ဆက်လက်တည်ရှိနေနိုင်ခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်ကြီးကို ၁၃၅ မျိုးသောတိုင်းရင်းသားများဖြင့်သာ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။ နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးရရှိအောင်စွမ်းဆောင်ပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့်တပ်မတော်ဆိုသည်မှာလည်း တိုင်းရင်းသားများဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယနေ့အချိန်အထိလည်း တိုင်းရင်းသားများဖြင့်သာ ဆက်လက်ဖွဲ့စည်းထားသည်။ လူမျိုးတစ်မျိုးတည်းဖြင့်ဖွဲ့စည်းထားခြင်းမဟုတ်ပေ။ မည်သည့်အခါမှလည်း ထိုသို့ဖြစ်လာမည်မဟုတ်ပေ။ ထို့ကြောင့်လည်း ပြည်ထောင်စုတပ်မတော်ဟု ခေါ်ရခြင်းဖြစ်သည်။ ပြည်ထောင်စုတပ်မတော်ဖြစ်သည်နှင့်အညီ တပ်မတော်သားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ နိုင်ငံကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။

**"မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့်နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့်အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်"** ဟု (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက

ထည့်သွင်းပြောကြားခဲ့သည်ကိုတွေ့ရသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အဘယ်နည်း။ **"ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲနိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံရင် တစ်ဦးက မပစ်ပယ်ဘဲ တလုံးတစည်းတည်းပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်"** ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် **"စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏စွမ်းပကား"** ဟူသော ဆောင်ပုဒ်နှင့်အညီ **"တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရယူခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ မျက်မှောက်ကာလတွင်အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင် ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်"** ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်ကိုလည်း တွေ့ရသည်။



မိမိတို့နိုင်ငံက လွတ်လပ်ရေးရရှိခဲ့သည်မှာ ပြီးခဲ့သည့် ဇန်နဝါရီလ ၄ ရက်တွင် နှစ်ပေါင်း (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုနေ့မှာမူကား ယခုဖေဖော်ဝါရီလ ၁၂ ရက်တွင် နှစ်ပေါင်း (၇၈) နှစ်တိုင်ပြီဖြစ်သည်။ ထို့ကြောင့်ပင် လွတ်လပ်ရေးအတွက် အခြေခံထောက်တိုင်တစ်ခုက ပြည်ထောင်စုနေ့ဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။ (၇၈) နှစ်တိုင်ခဲ့ပြီဖြစ်သည့် ပြည်ထောင်စုနေ့မှာ မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများကြားပေါ်ထွန်းလာခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် မည်မျှအထိအရေးပါပြီး အရာရောက်သည်ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းများတွင် အထင်းသားမြင်တွေ့နိုင်မည်ဖြစ်သည်။

**❒ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့်တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျ . . .**

**❒ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ် . . .**



ထို့အတူ စကားဆိုလျှင်ဟောဟောဒိုင်းဒိုင်း ပြောတတ်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ပြောကြားခဲ့သော မိန့်ခွန်းတစ်ရပ်ကိုပြန်ကြည့်မည်ဆိုလျှင်လည်း **"အခုလက်ရှိဖြစ်နေတဲ့ မြို့ပျက်၊ ရွာပျက်၊ ကျောင်းပျက်၊ အိမ်ပျက်၊ လမ်းပျက်၊ ကျန်းမာရေးပျက်၊ အကျင့်စာရိတ္တပျက်နေတဲ့ အခြင်းအရာတွေကို ခင်ဗျားတို့ ကျေနပ်သလား။ သဘောကျသလား။ အဲလိုဖြစ်နေတာတွေကို မကျေနပ်ဘူးဆိုရင် အဲဒါတွေကို ပြုပြင်ရအောင် အစိုးရကိုကူဖို့ကိစ္စတွေကို ခင်ဗျားတို့ စိတ်ရောကိုယ်ပါ ကူညီသင့်၊ မကူညီသင့်။ ကူညီမယ်ဆိုရင် ခင်ဗျားတို့ ကူညီသလောက် ခင်ဗျားတို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့အခြေအနေဟာ အမြန်ပြုပြင်လို့ရမှာပဲ၊ ဒီလိုမှမဟုတ်ရင် ခင်ဗျားတို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့အခြေအနေဟာ ဖြစ်ချင်တိုင်းဖြစ်နေတာကို ခင်ဗျားတို့တွေ့ရမှာပဲ"** ဟုပြောခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။

ထိုအချိန်တုန်းက ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် နိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် ပြည်သူများကို ယခုကဲ့သို့ပွင့်ပွင့်လင်းလင်း ပြောခဲ့ခြင်းဖြစ်သော်လည်း ထိုစကားများမှာ ယနေ့အချိန်အထိတိုင် လိုအပ်နေဆဲဖြစ်သည်။ တစ်နည်းပြောရလျှင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် စည်းလုံးညီညွတ်မှုမရှိပါက ခက်ခက်ခဲခဲနှင့်အသက်သွေးချွေးပေါင်းများစွာပေးဆပ်၍ ရယူထားရသောလွတ်လပ်ရေးမှာ ဆုံးရှုံးသွားနိုင်သည်။ ပြည်ထောင်စုကြီးပြိုလဲသွားနိုင်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ ရရှိထားသောလွတ်လပ်ရေးက အဖိုးဖြတ်မရလောက်အောင် တန်ဖိုးကြီးမားပေသည်၊ ထို့ကြောင့်ညီနောင်တစ်စုက တည်ထောင်ပြုထားတဲ့ ပြည်ထောင်စုကိုဖြင့် တိုင်းတစ်ပါးလက်အောက် မကျရောက်ရလေအောင် တို့တစ်တွေက အစပြုလို့ သားစဉ်မြေးဆက်များကိုပါ ပြည်ထောင်စုစိတ်ဓာတ်သွတ်သွင်းပေးခြင်းအားဖြင့် တို့ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်အောင် ဆောင်ကြဉ်းကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**အောင်ငြိမ်းချမ်း**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကဗျာ

## မြန်မာ့အိမ်

ဤအိမ်ထဲမှာ၊ နေထိုင်ပါသည်
ဆွေညာမိတ်ရင်း၊ တို့သွေးချင်းတွေ
ချစ်ခြင်းဝေပွား၊ မေတ္တာထားလျက်
မခြားမကွဲ၊ တစ်သားတည်း(ထဲ)ပင်
ခိုင်မြဲလှသော မိသားစု။

ဤအိမ်ထဲမှာ၊ နေထိုင်ပါသည်
ဇာတိပုညာ၊ ဂုဏ်မာနနှင့်
ထက်မြခားရေး၊ သတ္တိမွေး၍
ပြည်ရေးဝန်တာ၊ သွေးစည်းကာလျှင်
ကာကွယ်တတ်သော မိသားစု။

ဤအိမ်ထဲမှာ၊ နေထိုင်ပါသည်
ဘာသာလူမျိုး၊ ချစ်မြတ်နိုး၍
ရိုးရာဓလေ့၊ ထုံးအငွေ့၌
ပျော်မွေ့နှစ်ဝင်၊ တွယ်တာခင်သည့်
ယဉ်ကျေးလှသော မိသားစု။

ဤအိမ်ထဲမှာ၊ နေထိုင်ပါသည်
ချိုသာစကား၊ အပြုံးများနှင့်
စိတ်ထားဝင်းဖန့်၊ ဂုဏ်သင်းပျံ့လျက်
နူးညံ့ပွင့်လင်း၊ ဟန်ဆောင်ကင်းသည့်
ရိုးစင်းလှသော မိသားစု။

ဤအိမ်ထဲမှာ၊ နေထိုင်ပါသည်
မြန်မာဟူဘိ၊ မော်ကွန်းရှိသား
တို့မိသားစု၊ သွေးစည်းမှုနှင့်
ချစ်မှုခင်မှု၊ ယဉ်ကျေးမှုနှင့်
စံပြုတုကင်း၊ ရိုးသားခြင်းတို့
ဖန်ဆင်းဝန်းရံ၊ ရှိသည်မှန်၍
ထက်သန်ပြင်းပြ၊ ဂုဏ်ယူကြစဉ်
လှစုံတင့်လျှမ်း၊ အံ့မခန်းနှင့်
ချမ်းမြရိပ်ငြိမ်၊ မြန်မာ့အိမ်သည်
ဝင်းထိန်နေနှယ် လင်းသတည်း။ ။

**ပုလောစိုးနံ့သာ**

# ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။











# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၀)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ**

စာ-၅ သို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်)

# ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် အေးအတူပူအမျှ ရှေးနှစ်ပေါင်းများစွာကတည်းက အတူယှဉ်တွဲနေထိုင်လျက်ရှိသည့်နိုင်ငံဖြစ်သည်။ လူမျိုးရေးအရလည်းကောင်း၊ ဒေသအနေအထားအရလည်းကောင်း သွေးခွဲခြင်းမရှိဘဲ စည်းလုံးညီညွတ်ခဲ့ကြသည်။ မြန်မာ့သမိုင်းကိုဆစ်ပိုင်းလေ့လာလျှင် အင်ပါယာနိုင်ငံတော်ကြီးသုံးရပ်ပေါ်ထွန်းခဲ့သည်ကို သိရှိကြရပြီးဖြစ်သည်။ အဆိုပါအင်ပါယာနိုင်ငံတော်ကြီးကိုလေ့လာကြည့်ပါက ပြည်ထောင်စုကြီးအဖြစ်ထည်ထည်ဝါဝါရှိနေခြင်း၊ တိုင်းရင်းသားများအားလုံးစည်းလုံးညီညွတ်မှုရှိနေခြင်းတို့ကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာသည်တည်တံ့ခိုင်မြဲလျက်ရှိခဲ့သည်။

ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော အနော်ရထာမင်းမြတ်၊ ဒုတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးနှင့် ကုန်းဘောင်ခေတ်တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးတို့သည် စည်းလုံးညီညွတ်သောပြည်ထောင်စုနိုင်ငံတော်ကြီးကိုတည်ထောင်နိုင်ခဲ့သည့်အပြင် မြန်မာတို့၏ ပိုင်နက်နယ်မြေမှာလည်းကျယ်ဝန်းခဲ့သည်။ အဆိုပါခေတ်သုံးခေတ်ကိုတွေးဆစိစစ်ကြည့်ပါက နိုင်ငံတော်၏ကာကွယ်ရေးအင်အားတောင့်တင်းခြင်း၊ စီးပွားရေးအင်အားကောင်းမွန်ခြင်းနှင့်ပညာရေးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားခြင်းတို့ကြောင့် နိုင်ငံတော်သည် စည်ပင်သာယာဝပြောခဲ့သည်။

နိုင်ငံတစ်နိုင်ငံအရှည်တည်တံ့ခိုင်မြဲအောင်ကြိုးပမ်းကြရမည်မှာ လက်ဆင့်ကမ်းအမွေခံသည့်လူသားများ၏ တာဝန်ကျေပွန်မှုအပေါ်တွင်မူတည်ပေသည်။ မင်းနှင့်ပြည်သူများ၊ တပ်မတော်သားများသည် စည်းလုံးညီညွတ်မှုရှိစွာ မိမိတို့နိုင်ငံကို မိမိတို့ပိုမိုကောင်းမွန်အောင်တည်ဆောက်ကြရမည်မှာ သမိုင်းကပေးလာသည့်အမွေဖြစ်သည်။ ထိုသို့သမိုင်းအမွေကိုကောင်းမွန်စွာထိန်းသိမ်းရန် ပျက်ကွက်သည့်အခါ နိုင်ငံတော်အင်အားများလျော့နည်းပြီး နောက်ဆုံးတွင် တိုင်းတစ်ပါးသားတို့ဗိုလ်ကျစိုးမိုးအုပ်ချုပ်ခြင်းကိုခံကြရသည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား စစ်ပွဲသုံးကြိမ်ဆင်နွှဲကာသိမ်းပိုက်ခဲ့ကြသော်လည်း မြန်မာတိုင်းရင်းသားအပေါင်းတို့သည် မိမိတို့တွင်ရှိသည့် ခွန်အား၊ စွမ်းအားတို့ဖြင့် နှစ်ပေါင်း ၁၀၀ နှစ်ခန့်မျှကြာအောင် ပြန်လည်တိုက်ခိုက်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် မြန်မာတိုင်းရင်းသားတို့သည် တစ်ဦးအပေါ်တစ်ဦး သံသယစိတ်များရှိလာခဲ့သည်။ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့မည့်အခြေအနေတွင်ပင် အင်္ဂလိပ်တို့က တောင်တန်းဒေသများကိုချန်လှပ်ကာ လွတ်လပ်ရေးမပေးဘဲထားရှိလိုကြသည်။ ထိုသို့ထားရှိနိုင်ရေးအတွက်လည်း အမျိုးမျိုးအဖုံဖုံကြိုးစားခဲ့ကြသည်။ ထိုစဉ်က မြန်မာတိုင်းရင်းသားအပေါင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာရှိနေကြပြီဖြစ်သည်။ အင်္ဂလိပ်တို့သွေးထိုးသမျှမှာလည်း ရေပေါ်မှာအရုပ်ရေးသကဲ့သို့အောင်မြင်ခြင်းမရှိတော့ပေ။ တိုင်းရင်းသားအားလုံးက လွတ်လပ်ရေးကို မြန်မာတစ်နိုင်ငံလုံးအတူတကွရယူကြမည်ဟူ၍ သဘောတူညီကြသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူလက်မှတ်ရေးထိုးသည့်စာချုပ်ကို ပင်လုံစာချုပ်ဟုမော်ကွန်းတင်ခဲ့သည်။ ပင်လုံစာချုပ်သည် ပြည်ထောင်စုကြီးအဖြစ် မားမားမတ်မတ်တည်ရှိခြင်း၏အဦးအစဖြစ်သည်။ လွတ်လပ်ရေးအတွက် မီးရှူးတန်ဆောင်ဟုဆိုနိုင်သည်။ ထို့ကြောင့် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကာ ပြည်ထောင်စုနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အဖြစ်သို့ရောက်ရှိလာပြီဖြစ်သည်။ ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များအဖြစ် "ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများလက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး"ဟူ၍ ချမှတ်ထားသည်။

ပြည့်အင်အားသည် ပြည်တွင်းမှာရှိသည်ဆိုသည့်အတိုင်း ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသူအပေါင်းတို့က စည်းလုံးညီညွတ်စွာ နိုင်ငံနှင့်လူမျိုးအကျိုးကို တက်ညီလက်ညီဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့က **"မိမိတို့အားလုံးသည် မြန်မာဖြစ်သည်"**ဟူသောစိတ်ဓာတ်ကို တူညီစွာထားရှိကြရမည်ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီတွဲလက်ညီနေသမျှ နိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံအဖြစ်ခိုင်မြဲနေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူတို့လက်တွဲညီစွာရှိနေမည်ဆိုပါက ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် စိမ်းစားပင်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲများ နှစ်စဉ်ကျင်းပရခြင်းအကြောင်းအရာများ၊ ပြည်ထောင်စုစိတ်ဓာတ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များအကြောင်းကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စုနေ့အကြောင်းသိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။ (၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ပန်းတို့၏အလှတရား
၇။ ၁၄:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၁၅:၀၀ ဆောင်းပါးပေါ်မှစာစုများ
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၇:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြိမ်(၂၀)မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အကြိမ်(၂၀)မြောက် မြန်မာ့ ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အားပေးအမှာ စကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ ရိုးရာထမနဲထိုးပြိုင်ပွဲသည် ဌာနများအလိုက် စုပေါင်းညီညာအောင်ကြောင်းဖြာ သရုပ်ကို ဖော်ဆောင်သော ပြိုင်ပွဲတစ်ခုလည်းဖြစ် ကြောင်း၊ ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို လိုက်နာယှဉ်ပြိုင် သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန် နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ကြီး ဌာနမှ ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာအတိုင်း သတ်မှတ် ပြိုင်ပွဲစည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်နေ မှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆုရွေးချယ်ရေးဆပ်ကော်မတီအဖွဲ့ဝင်များ က အကဲဖြတ်အမှတ်ပေးခြင်းများဆောင် ရွက်ကြကာ ဆုရရှိသည့် အသင်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များ မြန်မာ့ရိုးရာစုပေါင်း ထမနဲထိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအစဉ် အလာကို ထိန်းသိမ်းတတ်စေရန်နှင့်ဝန်ထမ်း များအချင်းချင်း ရိုင်းပင်းကူညီစိတ်များ ထားရှိပြီး စည်းလုံးပျော်ရွှင်စွာဖြင့် အတူ တကွပူးပေါင်းဆောင်ရွက်ခြင်းအလေ့အထ များရရှိစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝင်များ၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုး ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Center-1 ရှေ့၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဌာနခွဲ အလိုက် ပျော်ရွှင်စွာထမနဲထိုးနေကြသည့် ဝန်ထမ်းများကို ကြည့်ရှုအားပေးပြီး ၎င်းအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ် သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများဖြစ် ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များက ဝန်ထမ်းများကို ထမနဲဘူးများ ပေးဝေခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန၏ ပဉ္စမအကြိမ်မြောက် မြန်မာ့ ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်း တွင် အဆိုပါဝန်ကြီးဌာန၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပျော်ရွှင်စွာ စုပေါင်းပါဝင်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ် ပေးသည်။

ထို့နောက် ဝန်ကြီးဌာနရှိ ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင် အသင်းများက အမှတ်ပေးသတ်မှတ်ချက် များနှင့်အညီ အားကြိုးမာန်တက် ယှဉ်ပြိုင် ကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်း များ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား လိုက်လံကြည့်ရှု အားပေးကြပြီး ဝန်ထမ်းများကလည်း သီချင်းများ၊ သံချပ်များ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးခတ်၍ အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့် ကြကြောင်း သိရသည်။ (သတင်းစဉ်)



# Naypyitaw State Academy ၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

Naypyitaw State Academy တွင် ကျောင်းသား၊ ကျောင်းသူများ မြန်မာ့ရိုးရာ အစဉ်အလာများကို သိရှိနားလည်သဘော ပေါက်၍ ဆက်လက်ထိန်းသိမ်းစောင့်ရှောက် စေလိုသော ရည်ရွယ်ချက်များဖြင့် တတိယ အကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy ၌ ကျင်းပသည်။



အဆိုပါ ထမနဲထိုးပြိုင်ပွဲကို ဘာသာရပ် နှင့် ဌာနကိုယ်စားပြုအသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆုရရှိ သော စီမံ/ဘဏ္ဍာအသင်း၊ ဒုတိယဆုရရှိ သော ပထဝီ၊ သမိုင်း၊ လူမှုရေးပညာ၊ အားကစားပညာအသင်းတို့ကို ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က လည်းကောင်း၊ တတိယဆုရရှိသော နိုင်ငံ တကာဆက်ဆံရေးပညာ အသင်းနှင့် နှစ်သိမ့်ဆု(၁) ရရှိသော ဓာတုဗေဒအသင်း တို့ကို ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်ကလည်းကောင်း၊ နှစ်သိမ့်ဆု(၂)ရရှိသော စီမံခန့်ခွဲမှုပညာနှင့် စာရင်းအင်းပညာအသင်း၊ နှစ်သိမ့်ဆု (၃) ရရှိသော ဆေးပညာနှင့် ဒဿနိကဗေဒ အသင်းတို့ကို စာပေနှင့် အနုပညာအသင်း ဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းကလည်းကောင်း ဆုများ ချီးမြှင့်ကြပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ထမနဲပြိုင်ပွဲသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ သင်တန်းရေးရာ နှင့် စီမံရေးရာဌာနမှတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ ပါဝင်တက်ရောက်အားပေးခဲ့ ကြသည်။

(သတင်းစဉ်)

**၁၁-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဤပုဂ္ဂိုလ်ကြီးကား 'လူပါးကြီး' တစ်ယောက်ဖြစ်၍ သူ့အထင် မှန်ချင်မှန်နိုင်သည်ဟု ကျွန်ုပ် စဉ်းစားမိ၏။ မှန်ခြင်း၊ မှားခြင်း အပထား၍ ဖခင်ကိုယ်၌က လေးစားသော (ဖခင်သည် အတော်အတန်ပုဂ္ဂိုလ်များကို လေးစားမှုနည်းသူတစ်ဦးဖြစ်သည်။) ဆရာသမားတစ်ဦးတစ်ယောက်က ကျွန်ုပ်အပေါ်၌ အထင်သေးခံရခြင်း (အရှူးလုပ်ခံရသည် ထင်ခြင်း) အတွက် ပြောမပြနိုင်အောင် ရှက်လှပါသည်။ ဤပုဂ္ဂိုလ်ကြီး၌ သမီးပျိုများရှိခြင်းအတွက်ကြောင့် သာ၍ ရှက်လှသည်။ ကျွန်ုပ်က ဤကဲ့သို့ မဟုတ်ရပါ။ ဇာတာကြောင့်ဖြစ်ပါသည်ဟု ဖြေရှင်းပြောပြရန်ပင် အလိုမရှိတော့ဘဲ ပုဂ္ဂိုလ်ကြီးကိုဦးချ၍ နောက်တစ်နေ့တွင် ဝက်လက်သို့ ပြန်သွားပါတော့သည်။

**ရွှေဘိုတွင် အလုပ်ရခြင်း**

ဝက်လက်သို့ရောက်သောအခါ မိဘများအား ကျွန်ုပ်၏ဝမ်းတွင်း၌ 'ဗလောင်ဆန်'လျက်ရှိသောအခြင်းအရာကိုဖုံးဖိကာ သင့်လျော်အောင် မျှလောက်သာ ပြောပြပြီးလျှင် ရွှေဘိုမြို့ သစ်တောရုံး၌ လခ ၄၀ ကျပ်နှင့် စာရေးအလုပ်ကို အဆင်သင့်ဝင်ရောက်လုပ်ကိုင်ပါတော့သည်။ မန္တလေးမှ ထွက်လာခဲ့သည့်နောက်တွင် ကျွန်ုပ်သည် စံဒေဝီအကြောင်းကိုလည်း မစဉ်းစား။ မည်သူ့အားမျှလည်း စပ်၍ မပြော။ (ကျွန်ုပ်၏နေရပ်ဟောင်းဖြစ်၍ မိတ်ဆွေဟောင်းများရှိနေကြသည့်) စံဒေဝီ၏ အရပ်သို့လည်းမသွားဘဲ လမ်းဖြတ်လိုက်သည်မှာ ကျွန်ုပ်၏ ပထမ အိမ်ထောင်ကျသည်အထိ ဖြစ်ပါသည်။ စံဒေဝီမှာ ကျွန်ုပ်အိမ်ထောင်ကျသောအချိန်၌ အပျိုကြီးအဖြစ်၌ရှိသေး၏။ ကျွန်ုပ်၏မှတ်တမ်းကို ဤနေရာ၌ ခေတ္တကျော်လွှား၍ စံဒေဝီအကြောင်းကို အပြီးတိုင် လက်စသတ်လိုက်ပါဦးမည်။

**ဆွေးမိသော အခြင်းအရာတစ်ခု**

၁၉၁၉ ခုနှစ် မတ်လတွင် စံဒေဝီမှာ အပျိုကြီးဘဝနှင့်ပင် မန္တလေးမြို့၌ ကွယ်လွန်လေရာ ထိုအချိန်တွင် ကျွန်ုပ်မှာ ဒုတိယအိမ်ထောင်နှင့် သူရိယတိုက်တွင် မဂ္ဂဇင်းအယ်ဒီတာအလုပ်၌ ရှိနေခဲ့လေသည်။ ကွယ်လွန်ကြောင်းကို ဖခင်ထံမှစာရသောအခါ တကယ်ချစ်ကြိုက်ခဲ့မိသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်နှင့်အညီ စိတ်၌ တော်တော်ကြီး ထိခိုက်ပါသည်။ အမှန်မှာ အိမ်ထောင်မကျဘဲ အပျိုကြီးဘဝနှင့် ကွယ်လွန်ခြင်းဖြစ်၍ နှမြောဝမ်းနည်းသောစိတ်ကို လက်ခံမိခြင်းဖြစ်ပါ၏။ အိမ်ထောင်မပြုသော 'ငယ်ချစ်' အတွက် လွမ်းဆွတ်ခြင်းမှာ ('တစ်ဘီးလိမ့်' ပင် ဖြစ်စေဦးတော့) လွမ်းစကောင်းသည်ဟု ကျွန်ုပ် နားလည်ပါသည်။ စံဒေဝီသည် ကျွန်ုပ်အပေါ်၌ မေတ္တာတုံ့ပြန်ဖူးခြင်း ရှိ၊ မရှိသိရမည့်အခွင့်အရေးမှာ တစ်ခါတည်း 'ဘုတ်ပိတ်' သွားလေပြီတကားဟု မှတ်ချက်ချလိုက်၏။ သို့ရာတွင် ဤသို့ကားမဟုတ်သေးဘဲ နောက်ဆက်တွဲသတင်းတစ်ခု ပေါ်လာရပြန်ပါသေးသည်။

**ဖြစ်ကြောင်းငယ်မှ ကုန်စင်**

၁၉၂၀ ပြည့်နှစ်၌ ကျွန်ုပ်သည် သူရိယတိုက်မှ ထွက်ခဲ့ရ၍ တတိယအကြိမ် အိမ်ထောင်ပြုပြန်ရာ (ယခုလက်ရှိအိမ်ထောင်ပင်ဖြစ်သည်။)

> **"၁၉၂၀ ပြည့်နှစ်၌ ကျွန်ုပ်သည် သူရိယတိုက်မှ ထွက်ခဲ့ရ၍ တတိယအကြိမ် အိမ်ထောင်ပြုပြန်ရာ (ယခုလက်ရှိအိမ်ထောင်ပင်ဖြစ်သည်။) ကျွန်ုပ်တို့ လင်မယားသည် ဇနီး၏ဌာနီဖြစ်သော မြတောင်ရွာမှ မိဘများရှိသော မန်ကျည်းတုံရွာသို့ ရောက်လာကြ၏။ ကျွန်ုပ်၏မိခင်သည် တတိယဇနီးကို မြင်လျှင်မြင်ချင်း ကျေနပ်သည့်လက္ခဏာရှိပေရာ ဇနီးကလည်း မိခင်အား ကြင်နာပုံရ၍ တစ်ဖက်နှင့်တစ်ဖက် ရေစက်ပါကြဟန်ရှိသည်ဟု ကျွန်ုပ် အကဲခတ်မိ၏. . ."**

ကျွန်ုပ်တို့လင်မယားသည် ဇနီး၏ဌာနီဖြစ်သော မြတောင်ရွာမှ မိဘများရှိသော မန်ကျည်းတုံရွာသို့ ရောက်လာကြ၏။ ကျွန်ုပ်၏မိခင်သည် တတိယဇနီးကို မြင်လျှင်မြင်ချင်း ကျေနပ်သည့်လက္ခဏာရှိပေရာ ဇနီးကလည်း မိခင်အား ကြင်နာပုံရ၍ တစ်ဖက်နှင့်တစ်ဖက် ရေစက်ပါကြဟန်ရှိသည်ဟု ကျွန်ုပ် အကဲခတ်မိ၏။ တစ်နေ့သ၌ ဇနီးသည် မိခင်အား ကြင်နာသောအမူအရာနှင့် ပွေ့ချီလိုက်ခြင်းကို မိခင်သည် နှစ်သက်ပုံရ၏။ ထို့နောက် ဇနီးမရှိခိုက်တွင် မိခင်က "မစိုးကို တွေ့ရတာ မင်းခေါ်တဲ့ စံဒေဝီကို အလွမ်းပြေလိုက်တာကွယ်" ဟု ပြော၏။

"ဘာကြောင့်လဲ အမေ"

"သူတို့နှစ်ယောက် ရုပ်ချင်းနည်းနည်းဆင်တယ်ကွယ့်"

"ရုပ်ချင်းဆင်တာကတော့ ထားပါတော့။ စံဒေဝီကို အလွမ်းပြေတယ်ဆိုတော့ အမေက လွမ်းနေလို့လား"

"လွမ်းမိတာပေါ့ကွယ်။ ဒါထက် မင်းကို ငါ မပြောဘဲ ဝှက်ထားခဲ့တဲ့ စကားတစ်ခုရှိတယ်ဟေ့။ ခုမှ ပြောတော့မယ်"

"စံဒေဝီအကြောင်းလား အမေ"

"အေး ... ဟုတ်တယ်။ ဟို လွန်ခဲ့တဲ့ရှစ်နှစ်လောက်တုန်းက မင်း ငှက်ဖျား ဖျားပါလေကော"

"ပထမအိမ်ထောင် မလှမှုူးနဲ့တုန်းကလား အမေ"

"ဟုတ်တယ်လေ။ ဒီတုန်းက မင်းတို့က မင်္ဂလာဈေးနားမှာ နေကြတယ်မဟုတ်လား။ ငါက ဝက်လက်က မန္တလေးကို လာခိုက်မှာ မင့် စံဒေဝီက ငါ့တည်းခိုအိမ်ကိုလာပြီး ငိုရှာတယ်ကွဲ့" (တည်းအိမ်မှာ နှမ၏ အိမ်ဖြစ်သည်)

"ဘာတွေများ ပြောသွားသေးသလဲအမေ"

"ဟိုတုန်းက မင်းဖျားတာကို သူကြားပါတယ်တဲ့။ ဆေးရုံကိုတောင် လာကြည့်ဖို့စိတ်ကူးပါတယ်တဲ့။ အဖော်ရှာမရလို့ မသွားဖြစ်ဘူးတဲ့"

"သည့်ပြင်ကော ဘာများပြောသေးသလဲ အမေ"

"သူကလည်း မင်းအတိုင်းပဲ။ ရှက်တတ်တယ်။ ဘာမှတော့ မပြောဘူး။ မျက်ရည်တောက်တောက်ကျတာပဲ။ မင့်နှမကိုတော့ ဖက်သွားရှာသေးတယ်"

"ဒီအကြောင်းတွေကို ဘာ့ကြောင့် ကျွန်တော့်ကို မပြောတာလဲ အမေ"

"ငါကတော့ ပြောချင်ပါရဲ့။ သူမသေခင်က ပြောလိုက်လျှင် မင်းက ကိုးရိုးကားရားလုပ်ကုန်မှာ မြင်လို့ မပြောဘဲ ဖုံးထားခဲ့တာပဲ"

"ဖြစ်ချင်ရာဖြစ်ပေ့ါ အမေရယ်"

"ငါလည်း ကြိုက်တာပဲ။ ဒါပေမဲ့ မလှမှုူးကရှိသေးတာကိုး သားရယ်။ မင်းက လွတ်လွတ်လပ်လပ်ဆိုလျှင် ဟုတ်သားပေ့ါ"

**ရှင်းလင်းချက်**

အထက်ပါအခြင်းအရာများ ဖြစ်ပေါ်လာရပုံမှာ ဤသို့တည်း။ ၁၉၁၀ ပြည့်နှစ်၌ ကျွန်ုပ် ပထမအိမ်ထောင်ကျ၍ ၁၉၁၂ ခုနှစ်တွင် ငှက်ဖျားအကြီးအကျယ်ဖျားလေရာ ငှက်ဖျားပျောက်သောအခါတွင် ကျွန်ုပ်၏ စိတ်သည် နောက်တောက်တောက်ဖြစ်၏။ (အကြီးအကျယ်ဖျားနာသူတို့သည် ရောဂါပျောက်သောအခါတွင် ထိုကဲ့သို့ဖြစ်သူများလည်း ရှိသည်ဟု ကျွန်ုပ်ကြားဖူး၏။) ကျွန်ုပ်စိတ်နောက်ပုံကား ဆိုးဆိုးရွားရွား မဟုတ်။ ဝတ်သစ်စားသစ်များဝတ်၍ လမ်းလျှောက်ခြင်း၊ လေပန်းခြင်း၊ ငါလုပ်လျှင် ဘာမဆိုဖြစ်နိုင်သည်ဟု အထင်ကြီးမိခြင်းတို့ ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် အဖျားပျောက်၍ ဆေးရုံမှ ဆင်းလာသောအခါတွင် အဝတ်အစားအမျိုးမျိုးလဲလှယ်၍ ရွှေမျက်မှန်တပ်ကာ တုတ်ကောက်နှင့် လမ်းလျှောက်၏။ စံဒေဝီတို့အိမ်ရှေ့ကို (သူနှင့်လွဲကတည်းက) ရှောင်ကွင်းလာခဲ့ရာ ထိုအခါကမူ စိတ်ဖောက်ပြန်သည့်အလျောက် အရှက်အကြောက်မရှိတော့ဘဲ တွင်တွင်ကြီးလမ်းလျှောက်၍ စံဒေဝီနှင့် တစ်ခါတစ်ရံ မျက်နှာချင်းဆိုင်တွေ့ရသောအခါတွင် ပြုံး၍ ပြခဲ့သေး၏။ ဤအပြုအမူများကို မြင်ရသော စံဒေဝီသည် ကျွန်ုပ်၏ စိတ်ဖောက်ပြန်ခြင်းကို မရိပ်မိသည်နှင့် တစ်ဖန်လာ၍ ပိုးပြန်သည်ထင်သောကြောင့် ငုပ်နေသော ကြင်နာစိတ်ပြန်ပေါ်ကာ မိခင်ထံသို့ လာခြင်းဖြစ်တန်ရာချေသည်။

**တရေးရေးပေါ်မိခြင်း**

ကျွန်ုပ်သည် မိခင်၏စကားကို ကြားရသောအခါတွင်မှ စံဒေဝီ၏ သဘောထားနှင့်ပတ်သက်၍ သံသယကင်းရှင်းသည့်အလျောက် အောက်ပါအဖြစ်အပျက်ကလေးများသည် စိတ်ထဲတွင် တရေးရေး ပေါ်လာတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အခြေခံပညာမူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**အင်တော ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အခြေခံပညာမူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှုူး ဒေါ်လှလှထွေးက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ပြည်သူ့စာကြည့်တိုက်နှင့်ရင်းနှီးမှုရရှိပြီး စာအုပ်စာပေများလာရောက်၍ ငှားရမ်းဖတ်ရှုနိုင်ရန်၊ ပြင်ပဗဟုသုတများ တိုးပွားလာစေရန်နှင့် စာဖတ်ရာတွင် အဖြတ်အတောက်မှန်ကန်စေရန် စသည့်ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် မြို့ပေါ်အခြေခံပညာကျောင်းသုံးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးကို အကျိုးပြုသည့်အုန်းစိမ်းရည်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ရေ၏တန်ဖိုးနှင့် ရေအကျိုးဆယ်ပါး ဆောင်းပါးတို့များကို ဖတ်ကြားခဲ့သည်။

အဆိုပါ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် စာဖတ်စွမ်းရည် အကောင်းဆုံးဆုရ ကျောင်းသား၊ ကျောင်းသူငါးဦးအား အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှုူးနှင့် ဆရာ၊ ဆရာမများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။



စာဖတ်စွမ်းရည်ပြိုင်ပွဲသို့ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းများမှ Grade-5 ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ကြသော သွေးချင်းသားချင်းညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ နိုင်ငံ၏ သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့တို့မှ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ကြပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံစည်၍ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်း အတူရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး (၂၃)ဦးတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ နံနက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ (၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့ဟုသတ်မှတ်၍ နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်မှာ (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

မိမိတို့နိုင်ငံ၏ ထူးခြားသောဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသောလူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတ တရားတည်းဟူသော မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ်ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကိုအခြေခံပြီး အေးအတူပူအမျှ ချစ်ကြည်စွာပေါင်းစုနေထိုင်သွားကြမည်ဆိုပါက ပြည်ထောင်စုကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါသည်။

ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ်ရရှိထားသော ပြည်ထောင်စုနယ်နိမိတ် မပျောက်ပျက်စေရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏မွေးရာပါတာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားအားလုံးက **“ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရန်”** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

> **❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးလျက်ရှိ၊ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီ၏လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့်တောင်းဆိုခြင်းမှာ မှားယွင်းသောလမ်းစဉ်ဖြစ်၍ မှန်ကန်သည့်ကောင်းကျိုးရလဒ်များရရှိနိုင်မည်မဟုတ်သည့်အတွက် မိမိတို့တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ် . . .**

> **❖ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့်အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ် . . .**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသော ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများမတူကွဲပြားသော်လည်း ပြည်ထောင်စုသားသွေးချင်းများဖြစ်သည်ဟူသောအသိစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းတွင် အေးချမ်းစွာနေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ်အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သော စိတ်ထားရှိကြပါသည်။ ကိုလိုနီနယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ယနေ့အချိန်ထိ တိုင်းရင်းသားညီနောင်အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်မအေးချမ်းဖြစ်နေရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီ၏လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသောလမ်းစဉ်ဖြစ်၍ မှန်ကန်သည့်ကောင်းကျိုးရလဒ်များရရှိနိုင်မည်မဟုတ်သည့်အတွက် မိမိတို့တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ **“လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများလက်တွဲပူးပေါင်းဆောင်ရွက်ရေး”**ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား**

စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏

**စာမျက်နှာ ၆ သို့ ⏭**

⏭ စာမျက်နှာ ၅ မှအဆက်

စည်းလုံးညီညွတ်မှုဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့်အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ပြည်တွင်းရေးပြဿနာများနှင့်ပဋိပက္ခများကိုဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက်ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ **"ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်"**တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့်လွှတ်တော်တစ်ရပ်ကိုဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီး ပါတီစုံပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ရွှေ့ပြောင်းလူဦးရေစာရင်းကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ တိကျမှန်ကန်သည့်အတည်ပြုဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့် တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့်မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်၏လိုအင်ဆန္ဒများကို ပဋိပက္ခအဖြစ် ဖန်တီးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုများမှရှောင်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့်သာဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်နေသော တည်ငြိမ်အေးချမ်းမှုရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်"**တိုက်တွန်းအပ်ပါသည်။

**❖ ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့်တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့်မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် . . .**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်နယ်နှင့်တိုင်းဒေသကြီး အချင်းချင်းအကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင်လည်းကောင်း၊ ကျေးလက်နှင့်မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုကပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အရည်အသွေးမီသော အသေးစား၊ အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးစေရေးတို့အပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်၍ နည်းပညာနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မတူညီသည့် ရေမြေ၊ ရာသီဥတု၊ ဒေသအခြေအနေများအပေါ် မူတည်၍ ဒေသအလိုက်မည်သည့် ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းမျိုး ဆောင်ရွက်သင့်သည်၊ မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို သမားရိုးကျနည်းအပြင် ခေတ်မီနည်းစနစ်များဖြင့် တီထွင်တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်းတိုးတက်လာကာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်သောကြောင့် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ တန်းတူရည်တူ အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ စနစ်တကျမွေးထုတ်လျက်ရှိပါသည်။

ယနေ့အချိန်တွင် အနာဂတ်၏အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များရေးဟူသော ပညာရေးမျှော်မှန်းချက်များအောင်မြင်စေရန် ကျောင်းများ တိုးချဲ့ရေး၊ ဆရာ၊ ဆရာမများ၏စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ရေးတို့အတွက် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးကောင်းမွန်သော ပညာတတ်များပေါ်များလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားများတိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာကာ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကွာဟမှုလျော့နည်းလာမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **"ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေး"**အတွက် သက်ဆိုင်သူများနှင့်တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ်ခံယူလျက် ညီနောင်တစ်စုတည်ထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အိမ်ရာချေးငွေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အစီအစဉ်ဖြင့် ရောင်းချခဲ့သောအခန်းများအား ယာယီနေထိုင်ခွင့်ပြုမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

သီလဝါအိမ်ရာနှင့် ကနောင်အိမ်ရာတို့တွင် အိမ်ရာချေးငွေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်က ရောင်းချခဲ့သောအခန်းများနှင့်စပ်လျဉ်း၍ ချေးငွေနှင့်ပတ်သက်သောလုပ်ငန်းများကို ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(CHID Bank )မှ ဆောင်ရွက်လျက်ရှိပြီး အခန်းဝယ်ယူခွင့်ရရှိထားသူများအား ယာယီနေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ယာယီနေထိုင်ခွင့်အကြောင်းကြားစာ ထုတ်ယူမည့်သူများအနေဖြင့် ကိုယ်တိုင်ထုတ်ယူမည်ဆိုပါက နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ဖြင့်လည်းကောင်း၊ ကိုယ်စားထုတ်ယူမည်ဆိုပါက ကိုယ်စားလှယ်လွှဲစာမူရင်း၊ ကာယကံရှင်နှင့် ကိုယ်စားလှယ်တို့၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ဖြင့်လည်းကောင်းတင်ပြ၍ ထုတ်ယူရမည်ဖြစ်သည်။

ယာယီနေထိုင်ခွင့်အကြောင်းကြားစာ ထုတ်ပေးခြင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး ဆောင်ရွက်ပေးမည်ဖြစ်သည်။

အခန်းဝယ်ယူခွင့်ရရှိသူများအနေဖြင့် ချေးငွေနှင့်ပတ်သက်သော လုပ်ငန်းများကို CHID Bank နှင့်ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ယာယီနေထိုင်ခွင့်နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၈၃၉၃၀၈၈၀၊ ၀၉-၄၂၁၇၂၁၀၃၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ခင်မောင်တင်

## ၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားသို့ ပင့်လျှောက် / ဖိတ်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ပွဲအခမ်းအနားကို မတ်လ ၁၁ ရက်နှင့်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို မတ်လ ၁၃ ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်နေ့) ကြာသပတေးနေ့တွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဒ္ဓဇမာန်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားများသို့ **“အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ”** ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ကြီးများနှင့် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မသင်္ဂီ**ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များကို မတ်လ ၉ ရက်ထက်မစော၊ မတ်လ ၁၀ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန် ပင့်လျှောက်/ ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၁

မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်စွာ အတူတကွပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်များရှိစေရန် ရည်ရွယ်ချက်များဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၁

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပရဆေးဥယျာဉ်ခြံရှိ တိုင်းရင်းဆေးပညာဦးစီးဌာန ခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်)ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက လူ့အခွင့်အရေးအခြေခံအယူအဆအကြောင်း၊ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့်အရေးအမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့်သတင်းအချက်အလက်များဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၁

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၃)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်သည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) မျက်နှာချင်းဆိုင် အစည်းအဝေးတက်ရောက်ပြီး ရလဒ်ကောင်းတစ်ခုအနေဖြင့် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အစီအမံ (Action Plan) အချက်များအနက် တိုးမြှင့်ရရှိခဲ့သည့်အချက်များ၊ ကျန်ရှိနေသည့်အချက်များနှင့် FATF ၏ မျက်နှာစုံညီအစည်းအဝေးတွင် ဆွေးနွေးမည့်အချက်များကို ကြိုတင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့ဝင်များက FATF ၏ Reco–mmendation အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သွားမည့်အချက်များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ Financial Investigation များကိုပါ Parallel ဆောင်ရွက်ခြင်းဖြင့် Proceed of Crime များကို ပိုမိုပူးပေါင်းဖော်ထုတ်သွားမည့် လုပ်ငန်းစဉ်များ၊ ဌာနအလိုက် ရယူလိုသည့် နည်းပညာအကူအညီများနှင့် ယခုလအတွင်းပြုလုပ်မည့် FATF ၏ မျက်နှာစုံညီ အစည်းအဝေးတွင် ဆွေးနွေးပြောကြားမည့် အချက်များကို ကြိုတင်ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# တွံတေးမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ



**လင်းခေး ဖေဖော်ဝါရီ ၁၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်ထောင်စုငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေ အသုံးပြုဆောင်ရွက်သည့် ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် အဆိုပါလမ်း၌ကျင်းပသည်။

ရှေးဦးစွာ(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေအသုံးပြု၍ဆောင်ရွက်သည့်ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲမှတ်တမ်းကို လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဆွေဆွေနွယ်က ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ပုန်းထွန်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းသစ်အရှည် ၆ ဒသမ ၁၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၃၀၄ ဒသမ ၅၀၈ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဲပင်းကျင်းကျေးရွာ၌ ဒသမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများပြန်လည်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၁၁ ရက်နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက လဲပင်းကျင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းနှင့် စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၃၇ သန်းကို လဲပင်းကျင်းကျေးရွာ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက လဲပင်းကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၆၉ ဦးအား ချေးငွေကျပ် ၃၁ ဒသမ ၁၄ သန်းကိုလည်းကောင်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၈၀ ဦးအား ချေးငွေကျပ်၂၇ ဒသမ ၂၆ သန်းကိုလည်းကောင်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ လေးဦးအား ချေးငွေကျပ် ၁ ဒသမ ၉၇ သန်းကိုလည်းကောင်း သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက် အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ကျွန်းလှမြို့နယ်၌စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ယခုနှစ်ဆောင်းရာသီ၌စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံတောင်သူများထံမှသိရသည်။

“ ကျွန်တော် နှစ်စဉ် လယ်ရိတ်သိမ်းပြီး သီးထပ်အဖြစ် ကုလားပဲစိုက်ပျိုးပါတယ်။ အရင်နှစ်က တစ်ဧက ၂၂ တင်းကျော်ထွက်ရှိပြီး ဈေးကောင်းရရှိခဲ့ပါတယ်၊ ဒီနှစ်ကုလားပဲ သုံးဧကစိုက်ပျိုးထားပြီးအောင်မြင်ဖြစ်ထွန်းနေပါတယ် ”ဟု မန်ကျည်းအင်းကျေးရွာနေ ကုလားပဲစိုက်ပျိုးသူ ဦးစောလေးက ပြောသည်။



နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ်ဆောင်းရာသီ၌ ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် မတ်ပဲ ၁၁၇၂၇ ဧက၊ ထောပတ်ပဲ ၁၈ ဧက၊ ကုလားပဲ ၂၄၁ ဧက၊ စားတော်ပဲ ၇၃၃၇ ဧက၊ စွန်တာပြာ ၂၁၃၂ ဧက၊ ပဲရာဇာ ၄၅၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

# ပင်လုံမြေမှာပျိုးသည့်ပန်း

* ပြည်ထောင်စုသား၊ အင်အားခိုင်မာ
မြန်မာပြည်တွင်း၊ မှီတင်းမခွဲခွာ
သွေးစည်းညီညာ၊ မေတ္တာစိတ်ထား
ငြိမ်းချမ်းစည်ဝေ၊ အမိမြေ
မျိုးဆွေချစ်ခြင်း ပွားသည်နှင့်လေး။

* ညီနောင်ရင်းများ၊ လေးစားပြန်လှန်
သစ္စာမပျက်၊ လင်းလက်ဇာတိမာန်
အမိနိုင်ငံ၊ ရှင်သန်စည်းလုံး
တွဲလက်ခိုင်ကျည်၊ ပေါင်းစုညီ
ဂုဏ်ရည်စာဖွဲ့ ရှုံးသည်နှင့်လေး။

* မချိနှလုံး၊ မီးအုံးကြိမ်သွင်
အတိတ်သမိုင်း၊ ရိုင်းစိုင်းနယ်ချဲ့မြင်
စော်ကားကျူးဝင်၊ ပလ္လင်နန်းပျောက်
ရွှေငွေကိုယူ၊ လူလည်းချူ
ရန်မူနှိပ်စက် ရောက်သည်နှင့်လေး။

* နယ်ချဲ့လက်အောက်၊ လွတ်မြောက်ဖို့ရာ
တောင်ပေါ်မြေပြန့်၊ ပြည်နှံ့တော်လှန်လာ
အသက်စွန့်ကာ၊ ဝံ့စွာချေမှုန်း
ကျွန်ပြုမခံ၊ ဇာတိမာန်
မြဲမြံနှောင်ကြိုး ရှန်းသည်နှင့်လေး။

* မိုးနှံ့မြေဆုံး၊ မြတ်ဘုန်းပိုင်သည်
ဗိုလ်ချုပ်အောင်ဆန်း၊ ရဲစွမ်းအာဇာနည်
မော်ကွန်းသစ်တည်၊ တိုင်းပြည်လွတ်လမ်း
တောင်တန်းပင်လုံ၊ သွေးစည်းဆုံ
ဖူးငုံလွတ်လပ်ပန်း ကမ်းသည်နှင့်လေး။

* လွတ်လပ်အောင်ပန်း၊ မျှော်မှန်းပျိုးစေ
ဖေဖော်ဝါရီဆယ့်နှစ်၊ အမြစ်ခိုင်မာပေ
တိုင်းရင်းသားဆွေ၊ ညီနေသွေးစည်း
လက်ချင်းတွဲနှောင်၊ လမ်းပြဆောင်
ပြည်ထောင်စုခရီး နီးသည်နှင့်လေး။

* ပေါင်းစည်းအစဉ်သာ ပြည်ရွာငြိမ်းတော့သည်။
ကောင်းချီးမင်္ဂလာ ညီညာထိန်းတော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

### သဇင် (FM)အသံလွှင့်အစီအစဉ်

၁၂-၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားကပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ သုတေသနစင်တာတို့အကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ သုတေသနစင်တာတို့အကြား ကျင်းပမည့် ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တရုတ်-အာဆီယံ သုတေသနစင်တာမှ သုတေသနမှူး Dr. Zhong Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် Providing Legal Service for Justice ဟူသည့်တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာ (၂၀၁၉-၂၀၂၄)အရ ဥပဒေအသိပညာပြန့်ပွားရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည်ဖြစ်ရာ ဥပဒေဝန်ဆောင်မှုပုံစံတစ်မျိုးဖြင့်ဆောင်ရွက်လျက်ရှိသော ဥပဒေသုတေသနလုပ်ငန်းများသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဥပဒေသုတေသနလုပ်ငန်းများသည် ဥပဒေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မှန်ကန်သောဥပဒေဝန်ဆောင်မှုပေးနိုင်ရေး၊ ဥပဒေအကြံဉာဏ်များပေးနိုင်ရေးတို့အတွက်အရေးကြီးသောလုပ်ငန်းဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့်တရုတ်-အာဆီယံသုတေသနစင်တာတို့အကြား ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းနှင့်ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာကိစ္စရပ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ သုတေသနစင်တာတို့အကြား နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပနိုင်ခြင်းအားဖြင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံဥပဒေရေးရာသုတေသနစင်တာတို့အကြား လက်မှတ်ရေးထိုးခဲ့သော ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုမြှင့်တင်နိုင်မည့်အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် တရားဥပဒေစိုးမိုးရေးနယ်ပယ်နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်သုတေသနခေါင်းစဉ်များကို ရွေးချယ်သတ်မှတ်နိုင်ရန် ဆွေးနွေးခြင်း၊ သုတေသနလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများ၊ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အပြန်အလှန်ဖလှယ်ခြင်း၊ အီလက်ထရောနစ်နည်းလမ်းဖြင့် လိမ်လည်သည့်အမှုများ၊ လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးနှင့် အခြားသော နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်နိုင်ရေးအတွက် တရုတ်-မြန်မာ ဥပဒေရေးရာသုတေသနစင်တာတည်ထောင်ခြင်းဆိုင်ရာကိစ္စများ၊ တရုတ် -မြန်မာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာစင်တာတည်ထောင်ခြင်း၊ ၂၀၂၅ ခုနှစ်တွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက South-west University of Political Science and Law(SWUL) တက္ကသိုလ်သို့ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် လာရောက်၍ ပညာရပ်များ သင်ကြားပို့ချနိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံခရီးသွားပြပွဲကျင်းပနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား ကမ္ဘာကသိရှိပြီး ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ (Myanmar Tourism Fair MTF– 2025) ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိ နီလာအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ (Myanmar Tourism Fair MTF – 2025) ရည်ရွယ်ချက်များ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားလိုသည့်အခြေအနေနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား မြှင့်တင်ကြော်ငြာသွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမင်းသိန်းက ပြပွဲကျင်းပသွားမည့်အစီအစဉ်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းနည်းပညာအကြံပေး ဒေါ်ကြည်ကြည်အေးနှင့် Myanmar Tourism Master Plan (2026–2030) ရေးဆွဲရေးဆိုင်ရာ အဖွဲ့ဝင်များက မြန်မာ့ခရီးသွားလုပ်ငန်းပင်မစီမံကိန်းရေးဆွဲဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အလေးအနက်ထားသည့်အတွက်ပြည်တွင်းခရီးသွားလုပ်ငန်းတိုးတက်ရေးသာမက ပြည်ပခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက်ကိုပါ အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ယခုကျင်းပမည့်မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ အား အာဆီယံဒေသတွင်းနိုင်ငံများမှ ဆောင်ရွက်သည့် ခရီးသွားပြပွဲများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါက နိုင်ငံတကာက ပိုမိုကျယ်ပြန့်စွာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ Industry အတွင်း၌သာမက ဆက်စပ်ကဏ္ဍများနှင့်ပါ ဆက်သွယ်ဆောင်ရွက်ရသည့်အတွက် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပိုမိုအားစိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

(၅၀၀)

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

## ကျောက်မီးသွေးများအား ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှ တင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ (၅၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဒုတိယနေ့မြင်ကွင်းပုံရိပ်များ

























◆ **ကျောဖုံးမှအဆက်**

ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသ၏ အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ ဒေသအလိုက် ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များကို အများပြည်သူ စိတ်ဝင်တစားလေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အတွက် လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး ပြခန်းလာရောက်လေ့လာကြသူများကိုပြခန်းအလိုက်တာဝန်ရှိသူများက သတင်းအချက်အလက်နှင့် နည်းပညာများ၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် စံအရည်အသွေးသတ်မှတ်ချက်များနှင့် ဒေသထွက်ကုန်ကြမ်းများပေါ်အခြေခံပြီး စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ အမြင်သစ်များကို အသိပညာပေးဆွေးနွေးမှုဝေပေးလျက်ရှိရာ လုပ်ငန်းရှင်များအပြင် သိရှိလိုသမျှ လေ့လာမေးမြန်းကြသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ၌ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့်တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။









အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ပြပွဲလာကြသူများ အေးချမ်းပျော်ရွှင်စွာအပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြဖျော်ဖြေကြရာ ပြည်သူ အများအပြား ပါဝင်ဆင်နွှဲလျက်ရှိကြောင်းနှင့် ယနေ့တွင် ရုပ်နီး/ရုပ်ဝေးမှ လာရောက်လည်ပတ်လေ့လာကြသူများ၊ ဒေသအလိုက် ထွက်ကုန်များနှင့် ရိုးရာအစားအစာများအား နှစ်သက်စွာဝယ်ယူသုံးဆောင်၍ လာရောက်အပန်းဖြေကြသူများ၊ စီးပွားရေးနှင့်နည်းပညာဆိုင်ရာလုပ်ငန်းချိတ်ဆက်မှုများတွင် စိတ်ပါဝင်စားစွာလာရောက်လေ့လာကြသည့်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။ လာရောက်လည်ပတ်ကြသူများ အနေဖြင့် လူဦးရေ ၅၅၅၀ ကျော်၊ မော်တော်ယာဉ် အစီးရေ ၇၀၀ ခန့်နှင့် မော်တော်ဆိုင်ကယ်အစီးရေ ၄၀၀ ခန့်အထိရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြတ်နိုးစရာ မြန်မာ့ရိုးရာသနပ်ခါး


ချယ်ချယ်(YU)

မြန်မာမိန်းကလေးတွေအတွက် မရှိမဖြစ် မြန်မာ့ရိုးရာသနပ်ခါးကတော့ ကျွန်မတို့ငယ်စဉ်ကလေးဘဝကတည်းက ကျွန်မတို့ရဲ့အဘွားတွေအမေတွေ အစ်မတွေက အမြတ်တနိုးလိမ်းပေးခဲ့ပါတယ်။ အသားအေးတယ်။ ချစ်စရာကောင်းတယ်။ ကလေးငယ်များကို သနပ်ခါးနွံ့ခြင်းဓလေ့လည်းရှိကြပါတယ်။ ကလေးတွေကြို့ထိုးရင် သက်သာစေနိုင်တယ်လို့ဆိုကြပါတယ်။ ကလေးတွေဖြစ်တတ်တဲ့ ကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့ကိုလည်း ကာကွယ်နိုင်ပါတယ်။ မြန်မာ့သနပ်ခါးရဲ့ ခါးသက်သက်အရသာလေးကလည်း နှစ်သက်စရာလေးပါနော်။ ငယ်ငယ်ကကြားဖူးခဲ့တဲ့ နန်းတော်ရှေ့ဆရာတင်ရဲ့ ရွှေဘိုသနပ်ခါးသီချင်းလေးထဲက "ရွှေဘိုသနပ်ခါးတုံးများ ရန်ကုန်လိမ်းဖို့ယူ ဘယ်လိုအသားမဲမဲ ဝါဝါညက်ညက်ဖြူ ပုဇွန်တောင်ကြည့်မြင်တိုင်သူနဲ့ မန္တလေးမြို့တော်သူ ရွှေဘိုသနပ်ခါးလိမ်းကြရင်ဖြင့် စိမ်းစိမ်းညက်ညက်ဖြူဖြူ ကြံ့ကြံ့ဖန်ဖန်ရန်ကုန်သူ မန္တလာမြင့်တို့ ရန်ကုန်သူ မန္တလေးသွားလို့ အသားမဲပြန်သတဲ့ဆူ။" အသားဖြူဖို့ သနပ်ခါးလိမ်းပါတဲ့နော်။ နောက်ရှိပါသေးတယ်။

"ပါးပြင်မှာ သနပ်ခါးလေးနဲ့ ချစ်စရာကောင်းလိုက်တာကွာ။" ဆိုတဲ့သီချင်းလေးတွေက မြန်မာမိန်းကလေးတွေရဲ့ ချစ်စရာအလှတရားကိုဖော်ဆောင်ပေးပြန်ပါတယ်။

သနပ်ခါးကို သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံအလယ်ပိုင်းအညာဒေသတို့မှာတွေ့ရှိရကြောင်း မှတ်သားရပါတယ်။ မြန်မာ့သနပ်ခါးဟာ အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်းသိရှိရပါတယ်။ မြန်မာနိုင်ငံမိုးနည်းရပ်ဝန်းဒေသဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ စီးပွားဖြစ်စိုက်ပျိုးကြရုံသာမက မိမိတို့ အိမ်ခြံဝင်းထဲတွင်လည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးလေ့ရှိကြပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း သနပ်ခါးစိုက်ပျိုးထွက်ရှိရာ ဒေသများအနက် အရာတော်မြို့ကို "သနပ်ခါးမြို့တော်" ဟုတင်စားခေါ်ဝေါ်ကြကြောင်း သိရှိရပါတယ်။ ရှင်မတောင်သနပ်ခါး၊ ရွှေဘိုသနပ်ခါးစသည်ဖြင့်လည်း ထင်ရှားပါတယ်။ သနပ်ခါးပင်ဟာ ရေငတ်ဒဏ်နှင့် ပူပြင်းတဲ့ ရာသီဥတုဒဏ်ကိုကောင်းစွာခံနိုင်တဲ့ နှစ်ရှည်ပင်ဖြစ်ပါတယ်။ ဂရုတစိုက်ပြုစုပျိုးထောင်ရတဲ့အပင်မျိုးဖြစ်ပြီး မြေချစိုက်ပျိုးတဲ့နေ့မှ သုံးနှစ်အထိအချိန်စောင့်ရပါတယ်။ သနပ်ခါးပင်ဟာ တစ်ဖန်ပြန်ပြီး စိုက်ပျိုးစရာမလိုတဲ့ အဖိုးတန်နှစ်ရှည်ပင်ဖြစ်ပါတယ်။ ပထမအကြိမ်ခုတ်ပြီး သန်မာထွားကျိုင်းတဲ့သားတက်များ ထပ်ခါထပ်ခါထွက်လာနိုင်တဲ့အတွက် ဘိုးစဉ်ဘောင်ဆက်ခုတ်ယူရောင်းချနိုင်လို့ "အပူပိုင်းပဒေသာပင်၊ အပူပိုင်းဒေသရဲ့ရတနာ" တစ်ပါးလို့ တင်စားကြပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများစွာရှိတဲ့အနက် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဟာ ယနေ့တိုင် ထင်ရှားဆဲဖြစ်တဲ့ ဓလေ့တစ်ခုဖြစ်နေပါတယ်။ မြန်မာသနပ်ခါးလိမ်းတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ဟာ အေဒီ ၅ ရာစုမှ အေဒီ ၉ ရာစုအတွင်း စတင်ထွန်းကားခဲ့ပြီး ပျူခေတ်ကတည်းက သနပ်ခါးကို နှစ်သက်စွဲလမ်းစွာ အသုံးပြုလာကြကြောင်း မှတ်သားရပါတယ်။ သမိုင်းမှာ ဗိဿနိုးဘုရင်မကြီးရဲ့ အလှပြင်ပစ္စည်းမှာ ကျောက်ပျဉ်နှင့်သနပ်ခါးပါဝင်ခဲ့သလို ရာဇဓာတုကလျာရဲ့ ရွှေပိန်းချကျောက်ပျဉ်ကိုလည်းတွေ့ရှိမှတ်သားရပါတယ်။ အေဒီ ၁၁ ရာစု၌ ပုဂံပြည်ရှိမြင်းကပါက ဂူပြောက်ကြီးဘုရား၊ နဂါးရုံဘုရား၊ အပယ်ရတနာဘုရားတို့၏ နံရံဆေးရေးပန်းချီကားများတွင် သနပ်ခါးနဲ့အသုံးပြုရတဲ့ကျောက်ပျဉ်နဲ့ အလှဆင်နေတဲ့ မိန်းမပျိုပုံများကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ရှေးခေတ်ကတည်းက သနပ်ခါးကို မြန်မာမိန်းကလေးများ နှစ်သက်မြတ်နိုးစွာ အလှဆင်လိမ်းခြယ်ခဲ့ကြောင်းသိရှိနိုင်ပါတယ်။ အခုနှစ်မှာတော့ သနပ်ခါးလိမ်းခြယ်တဲ့ဓလေ့ကို ယူနက်စကိုသို့တင်သွင်းရန်အတွက် အထောက်အပံ့ဖြစ်ဖို့ လှူပ်ရှားမှုအနေနဲ့ သွေးချင်းတို့စုံလင် သနပ်ခါးသဘင်သရုပ်ဖော်ပြိုင်ပွဲကို ရန်ကုန်မြို့မှာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့မှာ ကျင်းပမှာဖြစ်ကြောင်း သိရှိရတဲ့အတွက် အလွန်ပင်ဝမ်းမြောက်မိပါတယ်။ သနပ်ခါးလိမ်းခြယ်တဲ့ဓလေ့ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အသက်အရွယ်မရွေးလိမ်းခြယ်ကြပါတယ်။ နံနက်ခင်းအချိန်ကျောင်းတက်မယ့် ကလေးငယ်များဆိုရင် သနပ်ခါးဖွေးဖွေးနဲ့ အလွန်ပင်ချစ်စရာကောင်းလှပါတယ်။ ရုံးတက်မယ့် ရုံးဝန်ထမ်းမိန်းကလေးကြီးကြီးငယ်ငယ်တို့မှာလည်း သနပ်ခါးပါးကွက်ကြားလေးနဲ့ လှပတင့်တယ်နေကြပါတယ်။ အိမ်မှာကျန်ရစ်တဲ့ အဘွားတို့ကိုလည်း သနပ်ခါးလေးလိမ်းခြယ်ပေးထားရင် အလွန်ကျက်သရေရှိနေပါတော့တယ်။



သနပ်ခါးကို အမြတ်တနိုးနဲ့ ပွဲတော်တစ်ခုအဖြစ်ကျင်းပလေ့ရှိတဲ့ ရခိုင်လူမျိုးတို့ရဲ့ နံ့သာသွေးပွဲလေးကလည်း အလွန်ပင်စိတ်ဝင်စားစရာကောင်းလှပါတယ်။ ကျွန်မအဖေ စစ်တွေမှာ တာဝန်ကျစဉ်က ပါဝင်ဆင်နွှဲခဲ့ရတဲ့ ရခိုင်လူမျိုးတို့ရဲ့ ရိုးရာသင်္ကြန်ပွဲတော်ဟာ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့များနဲ့ ကျင်းပလေ့ရှိကြပါတယ်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သင်္ကြန်အကြိုရက်မှာ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သနပ်ခါး စတဲ့အမွှေးနံ့သာတို့ကို တပျော်တပါးသွေးကြပြီး ရိုးရာဓလေ့အစဉ်အလာအတိုင်း ဗုဒ္ဓဆင်းတုတော်များကို ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာရည်များနဲ့ပူဇော်ခြင်း၊ ရောင်ခြည်တော်ဖွင့်ခြင်းတို့ပြုလုပ်ပြီး ကုသိုလ်ယူလေ့ရှိကြပါတယ်။ ရခိုင်ပြည်နယ်မှာ နံ့သာသွေးပွဲကို စန္ဒာသူရိယမင်းလက်ထက်မှ စတင်ပြီး မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို သွန်းလုပ်ပြီးစီးသော သက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်နေ့တွင် ဘုရင်မိဖုရားနဲ့တကွ မှူးမတ်ပြည်သူအပေါင်းတို့က နံ့သာသွေးကြကာ အမွှေးနံ့သာရည်များနဲ့ ပူဇော်ကြခြင်းကြောင့် နံ့သာသွေးပွဲစတင်ကျင်းပခဲ့ကြကြောင်း မှတ်သားရပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဒေသတစ်ခုဖြစ်တဲ့ ယောနယ်မှာလည်း သနပ်ခါးပါးတို့ပွဲဆိုတဲ့ ရိုးရာဓလေ့လေးတစ်ခုရှိပါသေးတယ်။ အင်မတန်ချစ်စရာကောင်းတဲ့ ပွဲတော်လေးဖြစ်ပါတယ်။ ကိုယ်တိုင်မကြုံရပေမယ့် "သနပ်ခါးပါးတို့ပွဲ" သီချင်းလေးကို သတိရမိပါတယ်။

" သဘောဖြူ မနောဖြူ ယောသူတို့ရွာ၊ ပုံတောင်ပုံညာကာဆီး ကြီးရော့ရွာ အပျိုချောတွေ သောသော ညံမစဲ အပျို အပျို အပျို အပျို လူပျိုချောတွေ သောသော ညံမစဲ လူပျို လူပျို လူပျို လူပျို၊ တစ်နှစ်တစ်ခါကြုံဆုံကြသည့်ပွဲမှာ ချစ်ဘူတာရုံဆိုရမည်မလွဲပါ၊ ညလုံးပေါက်ဆင်နွှဲကြတာ သနပ်ခါးပါးတို့ပွဲပါ" တဲ့နော်။

ယောနယ်က တစ်ရွာနဲ့တစ်ရွာ စည်းလုံးညီညွတ်မှု၊ ၅၂၈ ချစ်ခြင်းမေတ္တာ၊ လူငယ်ဘဝ မောင်နှင့်မယ်တို့ရဲ့ ၁၅၀၀ မေတ္တာရသတို့ကို မြင်ရသိရတဲ့အပြင် ဝါလကင်းလွတ် သီတင်းကျွတ်ချိန်မှာ မြတ်စွာဘုရားအားပူဇော်တဲ့ ဆီမီးဖယောင်းတိုင်များ၊ ရောင်စုံမီးပုံးများ၊ မီးကြာခွက်များနဲ့ မီးစကြာလှည့်ပွဲတို့ကို နယ်သူနယ်သားများစုပေါင်းပြီး ခြိမ့်ခြိမ့်သဲဆင်နွှဲကြတာကလည်း ကုသိုလ်ရေးဆိုလက်မနှေးတဲ့ ကျွန်မတို့ဗုဒ္ဓဘာသာမြန်မာနိုင်ငံသားများဖြစ်ပါတယ်။ လူကြီးလူငယ်အပေါင်း မှန်တွေ ၊ သနပ်ခါးဘူးတွေယူကာ လှလှပပဝတ်စားပြင်ဆင်ပြီး မီးစကြာလှည့်မယ့်ပွဲတော်သို့သွားကြပါတယ်။ အဲဒီမှာ အပျို လူပျိုတွေတန်းစီပြီး သနပ်ခါးတို့သူကတို့ မှန်ထောင်ပေးသူဆီမှာ သနပ်ခါးညီမညီပြန်ညှိနဲ့ အင်မတန်ပျော်စရာကောင်းလှပါတယ်။ ယောနယ်ရဲ့ ချစ်စရာရိုးရာဓလေ့သနပ်ခါးပါးတို့ပွဲလေးက ကြည်နူးစရာအလွန်ကောင်းလှပါတယ်။ ကျွန်မရဲ့မိခင်ကြီးဇာတိမြို့ မင်းဘူးနဂါးပွက်တောင်မှာဆိုရင် စောင်းတန်းထဲမှာ သနပ်ခါးကျောက်ပျဉ်အကြီးကြီးနဲ့ သနပ်ခါးတုံးတွေ လှူဒါန်းထားတာတွေ့ရပါတယ်။ ဘုရားဖူးလာရင်း နံ့သာသွေးပြီးလည်း လှူနိုင်သလို ကိုယ်တိုင်လည်းလိမ်းကြ မှန်ကြီးကြီးကိုကြည့်ပြီး သနပ်ခါးညှိကြနဲ့ ပျော်စရာတစ်ခုပါပဲ။ မြန်မာနိုင်ငံအနှံ့အပြားက ဘုရားစေတီပုထိုးများရဲ့ ဘုရားစောင်းတန်းတွေမှာ သနပ်ခါးကျောက်ပျဉ်နဲ့ သနပ်ခါးတုံးတွေလှူထားတတ်ကြပါတယ်။



မြန်မာသနပ်ခါးသည် မြန်မာနံ့သာ ၁၀ မျိုးတွင် အခေါက်နံ့သာတစ်မျိုးဖြစ်ပါတယ်။ အပွေးအခေါက်ရှိတဲ့အပင်ဖြစ်ပါတယ်။ အသီး၊ အရွက်၊ အမြစ်၊ ပင်စည်၊ အကိုင်းအားလုံးဆေးဖက်ဝင်ပါတယ်။ မြန်မာ့ဆေးကျမ်းများမှာတော့ "သနပ်ခါးသည်ပူ၏။ သွေးကိုကြွစေ၏။ ပူခါးချုပ်ပွင့်ဖြစ်၏။ ငန်းမန်းကိုနိုင်စေ၏။ အပူနာ၊ အအေးနာနှစ်မျိုးစလုံးကိုနိုင်စေ၏။ ပူ၍ကိုက်သော ဒူးဆစ်ရောင်ရောဂါကို သနပ်ခါးပင်အမြစ်ကိုသွေးလိမ်းပေးလျှင် အေးပြီးအရောင်ကျစေ၏" ဟုဆိုထားကြောင်းသိရပါတယ်။ သနပ်ခါးခေါက်မှာ Tannic acid အဓိကပါဝင်တဲ့အတွက် ဗက်တီးရီးယားများကိုသေစေနိုင်ခြင်း၊ အရေပြားကိုကျုံ့ဝင်စေပြီး တင်းရင်းစေတဲ့ အော်ဂဲနစ်ပစ္စည်းများပါဝင်တဲ့အတွက် အရွယ်တင်နုပျိုစေခြင်း၊ အသားအရေကြည်လင်စေခြင်း၊ ဝက်ခြံ၊ တင်းတိပ်အဖြူအမည်းစက်များ၊ အဖုအပိမ့်များကို ပျောက်ကင်းစေခြင်းတို့ဖြစ်ပါတယ်။ အရေပြားယားယံမှုဖြစ်ပါက သနပ်ခါးနဲ့ဆားကိုသွေးလိမ်းရင် ပျောက်ကင်းနိုင်ပါတယ်။ သနပ်ခါးလိမ်းထားတဲ့အခါ အသားအရေမှာရှိတဲ့ ချွေးပေါက်၊ အဆီပေါက်တွေကိုကျုံ့သွားပြီး အဆီထွက်အားကိုလျော့နည်းစေပါတယ်။ မြန်မာကျေးလက်လုံမပျိုတို့ဟာ ကောက်စိုက်ချိန်၊ နွေရာသီကောက်ရိတ်သိမ်းချိန်၊ သီးနှံခူးချိန်တို့မှာ သနပ်ခါးကို ထူထူလိမ်းကာ အပူဒဏ်ကိုကာကွယ်လေ့ရှိပါတယ်။ ရှေးခေတ်နန်းတွင်းသူတို့လည်း နှစ်ခြိုက်စွာ လိမ်းခြယ်ခဲ့ကြကြောင်း မှတ်သားရပါတယ်။ ယခုအချိန်ထိ မြန်မာအမျိုးသမီးများသာမက အမျိုးသားများပါ နေ့စဉ်နေ့တိုင်း သနပ်ခါးကို အလှဆင်ပစ္စည်းအဖြစ် အမြတ်တနိုးလိမ်းခြယ်လေ့ရှိကြပါတယ်။ ကျွန်မတို့လည်း သနပ်ခါးကို ကြိုက်နှစ်သက်ပါတယ်။ အောက်ခံခရင်တစ်ခုခုလိမ်းပြီး သနပ်ခါးကို ထူထူလိမ်းလေ့ရှိပါတယ်။ သနပ်ခါးမပါရင် နေအပူဒဏ်ကိုခံနိုင်မှုမရှိပါ။ သနပ်ခါးပါးကွက်ကြားလေးနဲ့ လှရက်ရှာပေတယ်လို့ဆိုကြတယ်မဟုတ်ပါလား။ သင်းသင်းလေးမွှေးသော သနပ်ခါးရနံ့လေးကိုလည်း အလွန်နှစ်သက်မိပါတယ်။ ကျောက်ပျဉ်ပေါ်မှာ မြန်မာ့သနပ်ခါးတုံးစစ်စစ်ကို ရေလေးဖျန်းကာသွေးပြီး လိမ်းရတဲ့အရသာက အလွန်မွှေးပျံ့အေးမြလှပါတယ်။

သနပ်ခါးဟာ သင်းသင်းလေးမွှေးလို့ အခုချိန်မှာတော့ အလှပြင်ပစ္စည်းတချို့မှာ သနပ်ခါးနံ့လေးထည့်ပြီးထုတ်လုပ်နေကြပါပြီ။ **စာမျက်နှာ ၁၄ သို့**

❒ စာမျက်နှာ ၁၃ မှအဆက်

ရေမွှေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပေါင်ဒါစတာတွေမှာလည်း သနပ်ခါးအနံ့ကို ဓာတုဗေဒနည်းနဲ့ဖော်စပ်ကာ ထည့်သွင်းအသုံးပြုကြပါတယ်။ သနပ်ခါးစစ်စစ်နှင့် မတည့်သူရှားမယ်လို့ထင်ပါတယ်။ မြန်မာ့သနပ်ခါးဟာ တော်ဝင်တဲ့၊ ဂုဏ်ယူစရာကောင်းတဲ့ ရိုးရာဓလေ့တစ်ခုဖြစ်ပါတယ်။ အရေပြားအထူးကုဆရာဝန်ကြီးတစ်ဦးက သနပ်ခါးကို N သုံးလုံး (Natural, Nontoxic, Non-allergic)လို့ တင်စားခေါ်ဝေါ်ခဲ့ပါတယ်။

အခုအချိန်မှာတော့ ရယ်ဒီမိတ်သနပ်ခါးဘူးများ ထုတ်လုပ်နေကြပါတယ်။ သနပ်ခါးတုံးအစစ်လောက် မကောင်းပါဘူး။ သနပ်ခါးတုံးကို ကျောက်ပျဉ်ပေါ်တင်သွေးပြီး ချက်ချင်းလိမ်းရတဲ့အရသာကိုပဲနှစ်သက်ပါတယ်။ သနပ်ခါးတင်မကဘဲ ကျွန်မတို့နိုင်ငံမှာ အမွှေးနံ့သာပင်များလည်း ပေါက်ရောက်ပါတယ်။ ကရမက်၊ နံ့သာဖြူ၊ တောင်တန်ကြီး၊ တောင်တန်ကတိုး စတဲ့အမွှေးနံ့သာပင်များကလည်း ကျွန်မတို့ မြန်မာမိန်းကလေးများအတွက် သဘာဝကပေးတဲ့ အော်ဂဲနစ်အလှအပဆိုင်ရာပစ္စည်းများဖြစ်ကြပါတယ်။ ရာသီဥတုအပေါ်မူတည်ပြီး လိမ်းကျံလို့ရပါတယ်။ ဆေးဖက်ဝင်တဲ့ အမွှေးနံ့သာများဖြစ်ပါတယ်။ ကရမက်ဆိုရင်အသားအေးတယ်။ နွေရာသီမှာ အပူဒဏ်ခံနိုင်အောင် ကာကွယ်နိုင်ပါတယ်။ သွေးတိုးအမူးရောဂါအတွက် ကရမက်ကိုသွေးပြီး ဆန်ဆေးရည်ရောသောက်ပါက သက်သာစေနိုင်ကြောင်း မှတ်သားရပါတယ်။ တောင်တန်ကြီး၊ တောင်တန်ကတိုးဆိုရင် ခြေထောက်နာတာတို့ ကိုက်ခဲတာတို့ဆိုရင် ဆေးအဖြစ်လိမ်းနိုင်ပါတယ်။ နံ့သာဖြူ၊ နံ့သာနီတို့ဆိုရင် ကျွန်မတို့အဘွားတွေလိမ်းထားပါက အနံ့သင်းသင်း ချိုချိုလေးနဲ့မွှေးနေတာပါ။ မြန်မာ့ဆေးကျမ်းမှာ "နံ့သာဖြူ၊ နံ့သာနီ(နံ့သာနှစ်ပါး) သွေးတဲ့အရည်နဲ့ ကံ့ကော်ဝတ်ဆံပေါင်းလိမ်းပေးရင် ပူပြီးကိုက်တဲ့ ဒူးဆစ်ကိုက်ရောဂါသက်သာစေပါတယ်" လို့ မှတ်သားရပါတယ်။

သနပ်ခါးကို မြန်မာလူမျိုးသာမက နိုင်ငံခြားသားများကလည်း နှစ်ခြိုက်ကြကြောင်းတွေ့ရှိရပါတယ်။ သနပ်ခါးလေးနဲ့ မိန်းကလေးတွေဟာ အလွန်လှပကြပါတယ်။ မြန်မာ့ရိုးရာဓလေ့ထုံးစံကို များများဖော်ထုတ်ကြစေချင်ပါတယ်။ သနပ်ခါးစစ်စစ်ထုတ်ကုန်များထုတ်လုပ်စေချင်ပါတယ်။ မြန်မာ့ရေမြေတောတောင်ကနေထွက်ရှိတဲ့ ဆေးဖက်ဝင်သဘာဝမြန်မာ့သနပ်ခါးဟာ အဖိုးထိုက်တန်လွန်းလှပါတယ်။ မြတ်နိုးတန်ဖိုးထားသင့်ပါတယ်။ ကျွန်မကတော့ အမြဲသနပ်ခါးလိမ်းနေရရင် ကျေနပ်နေတာပါပဲ။ ဘာမိတ်ကပ်မှလိမ်းဖို့မလိုပါဘူး။ အဖိုးတန်မြန်မာ့သနပ်ခါးကို အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကျွန်မတို့ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။ မြန်မာနဲ့ သနပ်ခါးဟာ ခွဲခြားမရတဲ့ မြန်မာ့ယဉ်ကျေးမှုစစ်စစ်ဖြစ်ပါတယ်။

သနပ်ခါးလေးလူးပြီး မြန်မာရိုးရာဝတ်စုံလေးဝတ်ကာ ကျက်သရေရှိတဲ့ ယဉ်ကျေးတဲ့ မြန်မာအမျိုးသမီးများ ကျန်းမာလှပနိုင်ကြပါစေ။ ။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြဝတီ ဖေဖော်ဝါရီ ၁၁

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြဝတီမြို့နယ် သဲပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။



ထိုသို့စစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သဲပုံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၀ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကိုသက်

# မြန်မာကလေးများနေ့အထိမ်းအမှတ် သင်ထောက်ကူပစ္စည်းများပေးအပ်

ပဲခူး ဖေဖော်ဝါရီ ၁၁

မြန်မာကလေးများနေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့အမှတ်(၂)မူလတန်းကြိုကျောင်းရှိ မူကြိုကျောင်းသား၊ ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများနှင့်ကစားစရာများ သွားရောက်ပေးအပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်နှင့် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးထံ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းပြီး မူကြိုကျောင်းသား၊ ကျောင်းသူများအား ကစားစရာပစ္စည်းများပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်နှင့်အဖွဲ့ဝင်များသည် စာပေဥယျာဉ်စာကြည့်တိုက်သို့သွားရောက်၍ စာကြည့်တိုက်သို့ လာရောက်စာဖတ်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်အတွင်းရှိစာဖတ်ဝါသနာရှင်များနှင့်တွေ့ဆုံကာ မြန်မာတို့၏ ရိုးရာအမွေအနှစ်အစစ်အဖြစ် ထင်ကျန်ရစ်ရန် မြန်မာ့သနပ်ခါးတန်ဖိုးအကြောင်း စာပေစကားဝိုင်းပြုလုပ်ကာဆွေးနွေးကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်နှင့်အဖွဲ့ဝင်များသည် စာပေဆွေးနွေးပွဲသို့လာရောက်ကြသူများအား သနပ်ခါးထုပ်များလက်ဆောင်ပေးအပ်ပြီး စာကြည့်တိုက်တာဝန်ခံထံ သုတ၊ ရသစာအုပ်၊ စာစောင်များလှူဒါန်းကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

★ စာမျက်နှာ ၁၇ မှအဆက်

လုံခြုံရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းလိုင်းခန်းများ ပြည့်စုံစွာရှိစေရေး အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘတ်ဂျက်ငွေသုံးစွဲမှုနှင့်ပတ်သက်၍ Quick Win ဖြစ်နိုင်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်**

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ရွှေ့ပြောင်းလာသူများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ၏ စာရင်းများကိုမှန်ကန်စွာဖြစ်စေရေး သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာလေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့်နိုင်ငံတော်အနေဖြင့် **အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်**ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများပေးအပ်ရာတွင်သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက်ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကောက်ယူရရှိထားသည့်စာရင်းတွင်မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရန်နှင့်စနစ်တကျ စိစစ်ထောက်ပံ့ပေးသွားရန်လိုကြောင်း။

**နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်ရေး**

နွေရာသီကျောင်းပိတ်ရက်ကာလနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ်လေ့လာစေခြင်း၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကိုအကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်ကျောင်းနေအရွယ်ကလေးတိုင်း KG + 9 အထိ ပညာသင်ကြားရေးစနစ်အဖြစ် ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ယခုမှာကြားချက်များအား ပြန်လည်ရောက်ရှိချိန်တွင် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေးမှာကြားခြင်းနှင့်အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက်တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမြထွန်းဦးက စက်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးတင်အောင်စန်းက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားရှိမှုအခြေအနေများ၊ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် ထောက်ပံ့ငွေများပေးအပ်သွားမည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လက်နက်ခဲယမ်းသယ်ဆောင်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် မီးခိုးငွေ့ကင်းစင်ရေးဆိုင်ရာများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှု၊ စိစစ်မှုတို့နှင့်ပတ်သက်၍ မျက်မြင်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ၊ စိတ်ဓာတ်စည်းကမ်းပိုင်းဆိုင်ရာစစ်ဆေးခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်ပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်းသာဖြစ်ရန်လိုပြီး အတင်းအဓမ္မစုဆောင်းခြင်းများ မဖြစ်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍ လျှပ်စစ်မီးလိုအပ်ချက်ကို ဆိုလာစနစ်ဖြင့်ဆောင်ရွက်ပါက လုပ်ဆောင်ပြီး ၃ နှစ်တာကာလအတွင်း အရင်းကျေကာလသို့ရောက်ရှိနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ MSME လုပ်ငန်းများအား ဆိုလာစနစ်ကိုအသုံးပြု၍ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး အသိပညာပေးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုနိုင်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ယခုကဲ့သို့ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြပွဲနှင့်ပြိုင်ပွဲတွင် မြန်မာသံရုံးများမှ စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ရှာဖွေနိုင်ရေး ဆောင်ရွက်မှုများ၊ စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန်ဆောင်ရွက်ပေးထားသဖြင့် အကျိုးရှိရှိဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍လည်း အရေးကြီးသည့်ကိစ္စရပ်များဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီဆက်သွယ်အကြောင်းကြားသွားရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ်သုံးစွဲရန်မသင့်လျော်သည့် နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လိုကြောင်း၊ အဆိုပါမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်နိုင်ရေး နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အထွေထွေဆွေးနွေးမှုများတွင်ပါဝင်သည့် မီးခိုးငွေ့ကင်းစင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ဆောင်ရွက်လျက်ရှိပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးခိုးငွေ့နှင့် လေထုသန့်ရှင်းရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများကိုလည်း အဆင့်ဆင့်စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင် မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက်ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့်ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သတင်းအချက်အလက်များ ဖော်ထုတ်ရယူ၍ အရေးယူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ရောင်းချမှုဟူ၍ရှိပြီး သယ်ယူပို့ဆောင်ရာတွင် မြို့ကြီးများကို ဖြတ်ကျော်သယ်ဆောင်နေခြင်းများဖြစ်သဖြင့် စနစ်တကျဖိဖိစီးစီးဖြင့်ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဒုစရိုက်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်လာသူများအနေဖြင့် နယ်စပ်ဒေသများရှိဒေသခံတိုင်းရင်းသူများနှင့် လက်ထပ်ထိမ်းမြားခြင်းများလုပ်ဆောင်ပြီး မိမိတို့နိုင်ငံသားအဖြစ်ရရှိရန်ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသားများနှင့် မိမိတို့နိုင်ငံသားများ တရားမဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခြင်းများကို စနစ်တကျဖြင့် ဖော်ထုတ်သွားကြရန်လိုကြောင်း။

စာကြည့်တိုက်များနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်သွားရန်လိုပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။

**❖ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို နေပြည်တော်ကောင်စီဥက္ကဋ္ဌအား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

### တည်ငြိမ်အေးချမ်းရေး၊ ကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်ရေး

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ တာဝန်ထမ်းဆောင်ခွင့်ကို ၆ လသက်တမ်းထပ်မံတိုးမြှင့်ခဲ့ရကြောင်း၊ ယခု ၆ လတာကာလအတွင်း

**❖ နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကိုတွေ့ရ . . .**

**❖ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်မည်ဖြစ် . . .**

တည်ငြိမ်အေးချမ်းမှုရှိစေရေးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအခက်အခဲမရှိစေရေး လစာနှင့်ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေအခက်အခဲများနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်သွယ်မှုကြောင့် နိုင်ငံပိုင်နိုင်ငံခြားငွေများရရှိသကဲ့သို့ Non Trade များမှလည်း နိုင်ငံခြားငွေများ ရရှိကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှနိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ခန့်ရှိကြောင်း၊ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non Trade များမှ ရရှိသည့်ငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံခြားချေးငွေများမရရှိကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေးဆောင်ရွက်လျက်ရှိကြောင်း၊ CMP လုပ်ငန်းများမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများထံမှ နိုင်ငံခြားငွေများလည်း ရရှိကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင် ရသင့်သလောက်ရရှိမှုမရှိသည်ကို တွေ့ရသဖြင့် ပိုမိုတိုးတက်ရရှိရေး မိမိတို့အနေဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး

နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြပြီး မိမိတို့နိုင်ငံ၏ GDP သည် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး **နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာအားနည်းနေသေးသည်ကိုတွေ့ရ**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက် မွေးမြူရေးနှင့်ပတ်သက်၍ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းကုန်ကြမ်းများကို ပြည်ပသို့တင်ပို့မည့်အစား အရည်အသွေးမြင့်ပြောင်းထုတ်ကုန်များ ထုတ်လုပ်ခြင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ကယားပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ကရင်ပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အား ပေးအပ်စဉ်။

သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ **တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်**ကြောင်း၊ **မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ကချင်ပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်
ထောက်ပံ့ငွေကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။

**❖ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .**

ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ ပဲနှင့်ပတ်သက်၍လည်း အလားတူဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့် ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိအသုံးချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက်ကိန်းဂဏန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အတတ်နိုင်ဆုံးမှန်ကန်မှုရှိစေရေး စာရင်းကောက်ယူဆောင်ရွက်သွားရန်လိုပြီး ယင်းအခြေခံအချက်အလက်များနှင့် ဒေသတွင်းစားရေးလိုအပ်ချက်များအပေါ်မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိစေရေး သဲချောင်းများ၌ မြေအောက်တမံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်များရေးဆွဲတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေး

နေရေးလုံခြုံမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့်လုံခြုံရေးဟူ၍ မည်သည့်နိုင်ငံတွင်မျှမရရှိနိုင်ကြောင်း၊ ရာဇဝတ်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများသည် နိုင်ငံတိုင်း၌ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူကအားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ၎င်းတို့၏တာဝန်ထမ်းဆောင်မှုများအပေါ်လိုအပ်သည်များ အားပေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုအပိုင်းနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကို အခွင့်ကောင်းယူ၍ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်မှုကို ကျူးလွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအလိုက် နယ်မြေစိုးမိုးမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုမရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး စားရေးသောက်ရေးနှင့် လူမှုစီးပွားဘဝများလည်း ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားလာမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ယမန်နေ့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဝန်ကြီးချုပ်များအနေဖြင့် တစုတစည်းတည်းဆုံစည်းခဲ့ကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစုတစည်းတည်းတွေ့ရှိရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက်ဆောင်ရွက်ချက်များကိုတွေ့မြင်သိရှိရနိုင်သည့် တန်ဖိုးအရှိဆုံးသော အကြီးအကျယ်ဆုံးသောအခွင့်အရေးပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်၌ ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေနိုင်မည်ဖြစ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေနိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများအတွက်လိုအပ်သည့်ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့် အညီဆောင်ရွက်ပေးရန်လိုကြောင်း။

### ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦများဖွံ့ဖြိုးရေး

ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေးအတွက် ပိုလျှံဘဏ္ဍာငွေများဖြင့် သတ်မှတ်ထားသည့် ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပြည်သူ့ဆေးရုံများအတွက်လိုအပ်သည့် အဆောက်အဦများ၊ ခြံစည်းရိုးများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ **စာမျက်နှာ ၁၅ သို့** ✫

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets region/state chief ministers

# Persons who are displaced by terrorism provided with financial aid from natural disaster management fund

NAY PYI TAW February 11

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met region/state chief ministers who attended the opening ceremony of MSME products fair and competition at Bayintnaung Villa here this morning, and presented financial aid for the persons who left their homes due to terrorism from the natural disaster management fund.

Present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo, SAC members, union

See Page - 19►►



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses meeting with region/state chief ministers.



Senior General Min Aung Hlaing presents financial assistance for displaced persons through an official.



Senior General Min Aung Hlaing presents financial assistance for persons, who left their homes due to terrorism, through an official.



Senior General Min Aung Hlaing presents financial assistance for persons, who left their homes due to terrorism, through an official.



Senior General Min Aung Hlaing presents financial assistance for persons, who left their homes due to terrorism, through an official.



Senior General Min Aung Hlaing presents financial assistance for persons, who left their homes due to terrorism, through an official.



Senior General Min Aung Hlaing presents financial assistance for persons, who left their homes due to terrorism, through an official.

►► From Page - 18

ministers, senior military officers from the Office of the Commander-in-Chief, and officials.

**Extension of endeavours for peace and stability and trade**

In his keynote address, the Senior General said SAC has extended its duties for another six months due to the country's situation. Peace and stability must be prioritized during the six-month period, and region/ state chief ministers will have to strive for peace and stability and progress of socio-economic life at the areas they are responsible for.

The government increased the monthly salaries and allowances of civil servants for their convenience. The rise of commodity prices is caused by foreign exchange and internal difficulties in relation with foreign currency and high production cost. The State earns FE from both trade and non-trade activities. During the terms of the two democracy governments, trade deficit was recorded at over Ks-24 billion, and the deficit was reduced by foreign loans, aids and non-trade. But the government in office does not receive foreign loans. Hence, it is trying to boost production. Besides, it is also earning FE from CMP businesses. Other countries are receiving FE from migrant workers. But Myanmar is not receiving as much as it should from this source. Hence, the government should make efforts to increase earnings from migrant workers and trade.

**Boost production of farming business**

A country's development is measured by GDP. Myanmar's GDP is low when compared with other ASEAN countries. There are three sectors – agricultural sector, industry sector and services sector – for GDP growth. But **even in the agricultural sector, the main business of Myanmar, its production capacity is lower than others.** Support for agricultural production is required for GDP growth. Further increase in agro-business will help lower commodity prices to a certain degree. **All must strive for bearing fruits of prosperity, but it calls for hard work.** Increase in agro-products will boost export, and the country's FE income will rise. Rice, corn and coffee production must be increased as they can thrive well in the country and have foreign demand.

Fish and livestock breeding activities should be successfully carried out by using feed based on local raw materials. Instead of exporting corn as a raw material, it should be turned into quality goods, and the byproducts should be used as animal feed. This process can be also used for gram. Byproducts of rice – broken rice and barn -- must be effectively used for breeding business. Agriculture and animal breeding have interrelations and they must be successfully carried out. A region/state-wise census on farming business must enumerated to receive the most precise basic data and figures. Farming projects must be adopted based on the said data and figures and local demand. Underground reservoirs should be built at sandy creeks to ensure adequate water supply for agriculture and this will be much beneficial for agro-business. Hence, region/ state-wise underground water supply projects must be laid down. All regions and states must strive to realize the targets and enhance multiple cropping.

**Security, law enforcement and transportation safety**

In terms of security, no country in the world can achieve one hundred percent security.Crimes and security breaches occur in every country. The public security system was initiated and implemented in 2023.Every citizen has a duty to uphold Our Three Main National Causes: the non-disintegration of the Union, the non-disintegration of national solidarity, and the perpetuation of sovereignty. To fulfill these responsibilities, the People's Military Service Law is being enacted to provide military education and service for the defense of the state.Regarding security, the primary responsibility rests with the Myanmar Police Force, which is organized according to relevant regions.It is essential to have skilled and capable police officers who are trusted by the public. The Chief Ministers of the regions and states must provide the necessary support and encouragement to ensure the effective performance of their duties.

Regarding transportation safety, terrorist groups are exploiting lapses in the attention of security forces to carry out acts of violence on public communication routes.Therefore, special attention must be given to regional territorial control and transportation safety.A lack of transportation security could disrupt the flow of goods, food, and negatively impact social and economic life.Therefore, special attention must be given to transportation safety.

**The development of MSME businesses**

The opening ceremony of the Union-level MSME Product Exhibition and Competition took place yesterday, with the Chief Ministers from all regions and states in attendance.The event offers a unique and invaluable opportunity to view products from each region and state in one location, providing insight into their strengths, weaknesses, and regional activities.The exhibition will foster greater cooperation among MSMEs across different regions and states, enabling one region to meet the needs of another within the production chain. It will also provide an opportunity to identify strengths and weaknesses, while facilitating connections between MSMEs and both domestic and international investors to expand their markets globally.

To provide the necessary educated human resources for MSME businesses, polytechnics, agricultural and technical schools are being established, and agricultural and technical universities will also be expanded.Compliance with the established regulations is also essential when allocating capital for MSME businesses by region and state.

**The development of education and healthcare infrastructure**

To support educational improvement initiatives, it is essential to utilize surplus funds within the specified fiscal period to align schools with their respective characteristics.Similarly, it is essential to construct the necessary buildings and fences for public hospitals.It is crucial to ensure that staff quarters are fully equipped to provide comfortable living conditions for security personnel and healthcare workers.In terms of budget allocation, priority should be given to activities that can deliver quick wins.

**Preparations for holding the Free and Fair Multi-party Democracy General Election**

Preparatory efforts are being undertaken to ensure the successful conduct ofthe Free and Fair Multi-party Democracy General Election.In this regard, the 2024 population and housing census was conducted to ensure the accuracy of voter lists. In the process, it was also revealed that there were individuals who had migrated for various reasons. Relevant ad ministrative organizations need to consistently workto ensure the accuracy of records for migrated individuals.Regarding the election, it is necessary to obtain accurate population records.Regionand state chief ministers, along with officials, must conduct a thorough and comprehensive study of the laws related to the election. Political parties must also make the necessary preparations in advance.Elections for Pyithu Hluttaw,Amyotha Hluttaw, and State and Regional Hluttaws-must be conducted in accordance with the law.

**Assistance funds for civilians temporarily displaced due to terrorist incidents**

Under the Natural Disaster Management Law, losses suffered by civilians due to terrorist activities and armed conflicts are also classified under natural disaster definitions. Therefore, **the State will provide assistance funds to civilians who have been temporarily displaced due to terrorist incidents. Each individual will receive Ks-20,000 per month from January 2025 to December 2025.** These funds will be allocated to the disaster management funds of the Nay Pyi Taw Council, region governments, and state governments. Efforts must be made to ensure that all temporarily displaced persons in the relevant areas are included in the assistance program, leaving no one behind. The process must be systematic and effective. Additionally, further verification and data collection

See Page - 20►►

■■ From Page - 21

Voting Machine in order to prevent voting frauds and correct and accurate ballots in the election. Efforts are underway to protect the rights of all eligible voters and holding an election in a correct way.

In initiating a multiparty democratic system, in accordance with democratic culture, it is essential to address the needs and desires of individuals or groups through peaceful means, avoiding the agitation of conflicts or resorting to terror actions. In a democratic system, elections are of utmost importance, and it is necessary to cooperate in maintaining stability and peace to ensure the proper conduct of elections. Therefore, I would like to urge all of you that **"efforts be made to ensure nationwide stability and peace in order to successfully hold a multi-party democratic general election."**

**Esteemed ethnic national brethren of the Union,**

Between states and regions, as well as within each state and region, and between rural and urban areas, the gaps in living standards and the disparities in wealth must be reduced as much as possible. Everyone must work together for balanced and sustainable development. The State Administration Council has adopted national visions to ensure prosperity of the nation and food security. The participation of ethnic people in maintaining harmony and unity is essential to ensure peace and prosperity in the nation, as well as the ethnic leaders' perspective on national interests, which is equally important.

Efforts are underway to achieve the goals of ensuring food security through production of agriculture and livestock-based industries. Similarly, agricultural and livestock production businesses are being implemented under a cooperative system for rural development and poverty reduction. In addition to the development of rural infrastructure and the systematic growth of micro, small- and medium-sized enterprises with quality standards, vocational training courses that align with local conditions are being opened to provide opportunities for skills and employment. Depending on the region's water resources, climate, and local conditions, it is essential to discuss and coordinate which short-term and long-term businesses should be operated, and what types of job opportunities should be created for regional development cooperation.

In both states and regions, agricultural produce and consumer goods should be manufactured not only through traditional methods but also by using modern techniques and systems to innovate and enhance production. If domestic consumption is sufficient and exports are possible, the nation's economy will grow, and as a result, the socioeconomic lives of all ethnic people across the Union will improve. This will lead to the equitable development of all states and regions.

Because one can work when healthy, emphasis is being placed to ensure that healthcare services are provided equally and comprehensively, regardless of location. In this regard, human resources are crucial, and health experts, specialists, and skilled professionals are being systematically trained and turned out.

Currently, efforts are being made to nurture and develop the youth, the future power of the nation, by enhancing their talents, abilities, and potential through comprehensive education. As a result, it is essential that every citizen achieves at least a completion of KG+9 level of education and that they become individuals with full knowledge and skills. This goal is being achieved through the expansion of schools, the improvement of teachers' capabilities, and the enhancement of the school infrastructures. As more educated individuals emerge with good health, productivity levels increase, and socioeconomic life improve, reducing the disparities between states and regions.

Therefore, I would like to urge all relevant stakeholders and ethnic peoples to work together to ensure **the equitable development and progress of all states and regions, as well as to improve the health, education, and employment opportunities for ethnic people.**

**Esteemed ethnic national brethren of the Union,**

I send this message urging all ethnic groups residing across the Republic of the Union of Myanmar to embrace the concept of successfully implementing the national objectives of the 78th Anniversary of Union Day as a national duty, in order to ensure the Union's durability and development.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

---

►► From Page - 19

will be conducted for those not currently included in the existing lists, and their cases will be reviewed and submitted for additional support in a systematic manner.

**Utilizing the summer school Break effectively**

Regarding the summer school break, it is necessary to ensure that students make productive use of their holidays. Measures should be taken to encourage them to review and study previously learned lessons, as well as to participate in basic training courses that will benefit them, such as English and computer skills. During the school break, plans are also being made to provide refresher training for educational staff to enhance their skills. It is emphasized that the education system aims to provide schooling for every child up to KG + 9. Upon receiving these instructions, regional and state chief ministers are expected to discuss and implement them with the responsible authorities.

Following this, the chief ministers of the regions and states explained the regional needs and the current status of ongoing activities.

Subsequently, during the general discussion, the Chairman of the Industrial Development Commission, General Mya Tun Oo, presented updates on the implementation of industrial sector development initiatives. The Chairman of the Electricity and Energy Development Commission, Admiral Tin Aung San, discussed the progress in the electricity and energy sector. Union Minister for Defence General Maung Maung Aye addressed matters related to the recruitment of civilian military personnel. The Chairman of the Agriculture and Livestock Development Commission, General Nyo Saw, reported on the implementation of agricultural and livestock sector development activities. Union Minister for Planning and Finance U Win Shein elaborated on regional and state GDP growth, the disbursement of funds from the National Economic Development Fund, and the provision of assistance funds for temporarily displaced persons. Union Minister for Foreign Affairs U Than Swe discussed international relations and cooperation matters. Union Minister for Home Affairs Lt-Gen Tun Tun Naung highlighted efforts to enhance the capabilities of the Myanmar Police Force. Union Minister for Agriculture, Livestock, and Irrigation U Min Naung presented updates on the development of the agriculture and livestock sectors. Joint Secretary of the Council General Ye Win Oo discussed security, rule of law, arms and ammunition control, drug suppression, the identification of unlicensed vehicles, and environmental conservation and smoke-free initiatives.

Afterward, Vice-Senior General Soe Win emphasized the need for systematic implementation of physical, health, and disciplinary inspections related to civilian recruitment and screening. He stressed that civilian military service recruitment must strictly adhere to the law, and forced conscription must not occur. Regarding MSMEs (Micro, Small, and Medium Enterprises), he noted that solar energy systems could meet electricity needs and achieve breakeven within three years. He urged region and state chief ministers to promote the use of solar systems among MSMEs in their respective areas. He highlighted that MSMEs significantly contribute to national development, which is why the Union-level MSME Product Exhibition and Competition is being held on a grand scale with ambitious goals. He mentioned that efforts are being made to connect businesses with foreign markets through economic attachés at Myanmar embassies and to link entrepreneurs with banks to address financial needs. He also stressed the importance of timely reporting to the State Administration Council on critical issues arising in border areas.

The Chairman of the State Administration Council, the Prime Minister emphasized boosting crude oil production, identifying non-agricultural and vacant lands for solar power projects, and advancing electricity and energy sector development through solar power plant construction in these areas.

Then, the Senior General provided subsidies for people who were temporarily displaced due to the terrorist incidents, which were received by the Chairman of the Nay Pyi Taw Council and the Chief Ministers of the regions and states.

Then, in his concluding remarks, the Senior General said that the smoke-free policy included in the general discussions is also being implemented internationally, and that everyone needs to work together to clean up smoke and air. In addition to those arrested in the investigation of unlicensed vehicles, it is necessary to investigate and take action against the administrative and security officials involved in the case. It is also necessary to investigate and take action against unlicensed motorcycles. It is necessary to investigate and take action against the import and export of illegal goods, which can cause great harm to the country.

It is also necessary to effectively investigate and take action against online fraud and online gambling. It is necessary for the Myanmar police and security forces to obtain information and take action. Regarding drugs, there are production, transportation, storage and sale, and they are transported across cities, so they must be systematically investigated and taken action. It is also necessary to investigate and take action against those who have committed crimes and fled from foreign countries by marrying local ethnic people in border areas and obtaining the citizenship. Therefore, relevant administrative officials need to systematically identify illegal marriages between foreigners and our citizens.

The Senior General emphasized the need to establish more libraries and continuously promote reading while enhancing library services. 100

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 78th Anniversary of Union Day 2025

## (12 February 2025)

**Esteemed ethnic national brethren of the Union,**

On this auspicious occasion of the 78th Anniversary of Union Day, which falls on 12 February 2025, I extend my heartfelt greetings and best wishes to all our national brethren who live together in unity and harmony across the Republic of the Union of Myanmar. May you all be blessed with prosperity, happiness, and physical and mental well-being.

Myanmar stood tall as a unified sovereign nation across the world throughout its history, from the Bagan era to the Konbaung era. However, due to three aggressive invasions by British colonialists, the entire country fell under colonial rule in 1885.

The people of the Union have long struggled with unity and determination to regain the independence and sovereignty they lost. Even when the British granted independence to Myanmar, they attempted to divide the country by granting independence only to the main land while leaving the mountainous areas out, implementing a divide-and-rule policy to weaken national unity. However, with the firm resolution that independence should be achieved collectively without distinction between the central region and the ethnic states, General Aung San and 23 ethnic leaders signed the historic Panglong Agreement on the morning of 12 February 1947, in Panglong. As a result, Myanmar regained its independence and sovereignty on 4 January 1948. In honour of this spirit of unity, 12 February, the day the historic Panglong Agreement for the sake of regaining independence of the nation was signed, was designated as the Union Day. The Union Day celebrations have been held annually for the past 78 years.

**Esteemed ethnic national brethren of the Union,**

The unique characteristic of our nation is that more than 130 ethnic groups live together in unity throughout the entire Union. If people from different regions and ethnic backgrounds treat one another with loving-kindness, compassion, sympathetic joy, and equanimity—the four cardinal virtues—they will be able to build a peaceful and prosperous society. Similarly, if every citizen lives together in unity, based on a deep sense of patriotism—protecting and preserving their nation and ethnicity, maintaining national prestige, and safeguarding cultural and national identity—then the Union will remain strong and stable for a long time.

It is the inherent duty of all Union-born ethnic nationals to safeguard and preserve the territorial integrity of the Union, which has been inherited from ancient Myanmar kings and ancestors. This includes safeguarding the non-disintegration of the Union, non-disintegration of national solidarity, and perpetuation of sovereignty. Therefore, all Union citizens are urged to uphold the **"Union spirit, nationalistic spirit, and genuine patriotism to ensure the lasting stability and development of the Union.**

**Esteemed ethnic national brethren of the Union,**

All ethnic groups residing in Myanmar have been national brethren, living together on the same land and sharing the same fortune for countless generations. Although they may differ in birthplace, region of residence, upbringing, religion, language, literature, culture, arts, and traditions, they share the same Union blood. With this sense of unity, they have always respected and valued one another, living together in harmony with a long-standing tradition of solidarity and mutual affection.

Ethnic national people inherently possess a peaceful nature, a desire to live harmoniously, compassion for one another, and a strong willingness to support each other. They have a sincere and pure-hearted mindset. However, due to the colonial "divide-and-rule" strategy, armed conflicts have persisted among ethnic national brethren, disrupting peace and stability to this day. Over generations, peace negotiations have been conducted to address these conflicts. Efforts continue to achieve lasting and durable peace by signing the Nationwide Ceasefire Agreement (NCA) to end armed conflicts.

The State Administration Council is engaged in discussions with political parties and ethnic armed organizations to achieve internal peace and durable peace. While there may be differences in opinions among individuals when applying the multi-party democratic system, demanding one's desires through armed terror act means is an incorrect approach that will not lead to beneficial results. Therefore, misunderstandings and conflicts between our ethnic groups should only be resolved through dialogue. Consequently, we continuously open the door to peace and welcome efforts to solve political problems through political means. We also request that local ethnic people have to encourage ethnic armed groups to seek solutions to their desires through political means by engaging in detailed negotiations. Thus, I would like to urge **"ethnic people to actively work together towards achieving durable peace, emphasizing the importance of engaging in dialogue and negotiations to cease armed conflicts".**

**Esteemed ethnic national brethren of the Union,**

A united country, a harmonious country, and a country that strives together will always be in a state of perpetual development and progress. Without unity and harmony, a country will decay and vanish like salt in water. Therefore, the development and progress of a country must be driven by the unity and harmony of its people. The fundamental and most essential requirement for a country's development is peace and stability. Only when the country forges peace and stability will the government initiate the rule of law, ensuring the safety and security of the people's lives, property, and the protection of their livelihoods, as well as the growth of the social economy.

Some foreign countries are intentionally escalating domestic conflicts in our nation to the point of regional conflicts while attempting to solve our internal issues and disputes. We must be cautious that, should the unity of our country fracture, external forces might exploit the situation to extend their influence under the guise of neocolonialism. To ensure that the Republic of the Union of Myanmar remains strong, independent, and sovereign, and to prevent it from becoming a puppet state under the control of others, it is crucial for all ethnic people of the country to unite, reject terrorism, and work towards the stability, peace, rule of law, and economic development of the nation. The government, Tatmadaw, and people must remain united in spirit and effort to ensure the nation's survival and stability. Therefore, I urge **all ethnic people in the Union to work together with the government, Tatmadaw, and citizens for the peaceful stability and rule of law in our country.**

**Esteemed ethnic national brethren of the Union,**

The State Administration Council will continue to work towards transferring power to a government that emerges from a free and fair multiparty democratic general election, in accordance with the five-step roadmap. A credible election and a prestigious parliament will be organized. Political parties are allowed to register in accordance with the law, and we are focused on ensuring the participation of all parties. Preparations for the election are ongoing, including the successful completion of the national population and household registration in 2024. The initial voter list has been officially published, and the accurate, verified list has been submitted to the Union Election Commission in order to continue the process of preparations for the election.

The election will apply a voting system with the use of Myanmar Electronic

**See Page - 20**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ထမ်းများအနေဖြင့်ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်း နယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျတာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အပြင် နိုင်ငံသားတိုင်းအနေဖြင့်သိရှိလိုက်နာစောင့်ထိန်းရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည်တတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်ငြိစွန်းနိုင်သည့်ကိစ္စရပ်များကိုရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။






ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်က **“နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ”**ကို လည်းကောင်း၊ သင်တန်းနည်းပြများက **“မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာ”**တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းဆင်းဝန်ထမ်းများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

# မြန်မာ့သနပ်ခါးကို UNESCO ၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of The Intangible Cultural Heritage of Humanity)သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့သနပ်ခါးကို UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of The Intangible Cultural Heritage of Humanity) သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် အကြိုလှုပ်ရှားမှုနှင့် တပို့တွဲလပြည့်နေ့တွင် သတ်မှတ်ထားသည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင်ကျရောက်သည့် “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ် အကြိုလှုပ်ရှားမှုတို့ကို ယနေ့တွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ ကျင်းပသည်။



အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူလတန်းလွန်ကျောင်း (ညောင်ပင်ကြီးစု)မှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ Honey Tree ကိုယ်ပိုင်မူလတန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ဆင်နွှဲကြသည်။

အခမ်းအနားတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) စာကြည့်တိုက်မှူးများက မြန်မာ့သနပ်ခါး၏သမိုင်းကြောင်းနှင့်အစဉ်အလာယဉ်ကျေးမှုများ၊ မြန်မာ့သနပ်ခါး၏အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခြင်း၊ မြန်မာ့သနပ်ခါးနှင့်သက်ဆိုင်သည့်စာအုပ်စာတမ်းများ ခင်းကျင်းပြသခြင်း၊ မြန်မာ့သနပ်ခါးနှင့်သက်ဆိုင်သည့် ဗီဒီယိုမှတ်တမ်းပြသခြင်း၊ မြန်မာ့သနပ်ခါးနှင့်ဆက်စပ်သည့် အကြောင်းအရာများ ရှာဖွေနိုင်သည့် Website Link များစီစဉ်ထားရှိခြင်း၊ မြန်မာ့သနပ်ခါးအကြောင်း ပုံဖော်ရေးသားထားသည့် ကဗျာများ ရွတ်ဆိုခြင်း၊ ကျောင်းသား၊ ကျောင်းသူများက သနပ်ခါးကဗျာရွတ်ဆိုသရုပ်ပြခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား မြန်မာ့သနပ်ခါးများ လိမ်းခြယ်ပေးခြင်းနှင့် ကိုယ်တိုင်လိမ်းခြယ်စေခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။

ထို့အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များတွင် မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှုများကို သနပ်ခါးရက်သတ္တပတ် (Thanakha Week) သို့မဟုတ် သနပ်ခါးလ (Thanakha Month) အနေဖြင့် ဖေဖော်ဝါရီလတစ်လလုံး ဆောင်ရွက်လှုပ်ရှားကြရန် နှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# “(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ ပြခန်းအသီးသီးမှာ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနတွေနဲ့ လုပ်ငန်းရှင်တွေကို တစ်ထိုင်တည်းချိတ်ဆက်ဆောင်ရွက်ပေးတယ်။ ဝန်ဆောင်မှုပေးတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုပါတယ်”

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြခန်းပြသ၍ နည်းပညာ၊ အသိပညာများ ဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းထားသည်ကို ရေးသားတင်ပြလိုက်ရပါသည် -

**မေး။ ။ MSME ပြပွဲမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြခန်းပါဝင်ပြသရာမှာ MSME လုပ်ငန်းတွေကို အထောက်အကူပြုနိုင်ဖို့ ဘယ်လိုစီမံပြသထားတယ်ဆိုတာသိပါရစေ။**

**ဖြေ**။ ။ ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းမှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနနဲ့ အဏုမြူစွမ်းအင်ဦးစီးဌာန စတဲ့ဌာနသုံးခု ပေါင်းစပ်ပြီး ပြကွက်ပေါင်း ၁၂ ကွက်ကို “ထုတ်ကုန်အရည်အသွေးမြှင့်တင်ဖို့ စံချိန်စံညွှန်းနဲ့အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြပါစို့”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စီစဉ်ပြသလျက်ရှိပါတယ်။

ဒီလိုပြသမှုတွေကနေ ပြည်ပသွင်းကုန်အစားထိုးပြီး MSME ထုတ်ကုန်တွေကို ပြည်သူတွေ ဘေးကင်းကောင်းမွန်စွာ သုံးစွဲနိုင်ဖို့၊ ပြည်တွင်းဖူလုံနိုင်မှုမှသည် ပြည်ပပို့ကုန်မြှင့်တင်နိုင်ပြီးတော့ နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ဖို့ နိုင်ငံတော်က ရည်ရွယ်ထားပါတယ်။

ဒါကြောင့် ပြည်တွင်းဈေးကွက်ထဲမှာ မင်းမူနိုင်ရုံနဲ့အဆင်မပြေဘူး။ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ဖို့၊ GDP တိုးမြှင့်နိုင်ဖို့ MSME ထုတ်ကုန်လုပ်ငန်းတွေကို နိုင်ငံတကာဈေးကွက်အထိ ချဲ့ထွင်ထိုးဖောက်နေရာယူနိုင်ဖို့လိုပါတယ်။ အဲဒီလို ထိုးဖောက်နေရာယူနိုင်ဖို့ နိုင်ငံတကာကုန်စည်ပြပွဲတွေမှာ ပြသနိုင်ဖို့ရယ် အွန်လိုင်း ပလက်ဖောင်းတွေမှာ ဘရန်းတွေပေါက်အောင် လုပ်ဖို့လိုအပ်ပါတယ်။ ပြီးတော့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနဲ့ အဆင့်မြင့်စက်မှုကုန်ထုတ်နည်းပညာတွေ အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။

**မေး။ ။ ဒီလို နိုင်ငံတကာဈေးကွက်မှာ တခြားနိုင်ငံက ထုတ်ကုန်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့ ဝန်ကြီးဌာနက ဘယ်လိုအားဖြည့်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ**။ ။ နိုင်ငံတကာ အသိအမှတ်ပြုစံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့ ပြည့်မီဖို့၊ အရည်အသွေးအာမခံချက်တွေ ခိုင်မာအားကောင်းနေဖို့လိုအပ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ပြခန်းမှာ စံနှုန်းအရည်အသွေးတွေ ပြည့်မီအောင်ထုတ်လုပ်နိုင်ဖို့ ဘာတွေလိုအပ်တယ်ဆိုတာ၊ အရည်အသွေးထောက်ခံချက်ရရှိဖို့ စမ်းသပ်စစ်ဆေးတဲ့အခါနဲ့ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှာ အတိုင်းအတာတွေကို စံနှုန်းတွေနဲ့အညီ တိကျမှန်ကန်စွာ ဘယ်လိုတိုင်းတယ်ဆိုတာ ပြသထားပြီး သိရှိလိုတာတွေကို မေးမြန်းဆွေးနွေးနိုင်ပါတယ်။

ပြီးတော့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့သုတေသနစီမံကိန်းရလဒ်တွေကနေ နည်းပညာတွေ လွှဲပြောင်းရယူနိုင်တယ်။ အဲဒီအတွက် လာရောက်လေ့လာတဲ့ MSME လုပ်ငန်းရှင်တွေ သူတို့လိုအပ်တဲ့ နည်းပညာတွေ တောင်းခံဖို့ ဆောင်ရွက်ဖို့ လိုအပ်တာတွေကို ပြခန်းမှာ ရှင်းရှင်းလင်းလင်းပြသထားတယ်။ ပြခန်းမှာပဲ လေ့လာသူတွေက တောင်းခံလာတဲ့အခါ လုပ်ထုံးလုပ်နည်းနဲ့အညီ နည်းပညာပံ့ပိုးပေးနိုင်ဖို့ One Stop Service ကောင်တာကိုလည်း ဖွင့်လှစ်ထားပါတယ်။

ဒီကောင်တာမှာ လုပ်ငန်းတွေအတွက် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ သက်ဆိုင်ရာဦးစီးဌာနတွေက ဝန်ဆောင်မှုတွေ ပေးပါတယ်။ ဝန်ဆောင်မှုအလိုက် ကြာမြင့်မယ့်ကာလ၊ နည်းပညာဆိုင်ရာ အကြံပြုချက်တွေကို မေးမြန်းဆွေးနွေးနိုင်တဲ့အပြင် သက်ဆိုင်ရာ ဒေသအလိုက် သင်တန်းပို့ချပေးဖို့ လိုအပ်ရင်လည်း ညှိနှိုင်းတောင်းခံနိုင်ပါတယ်။

**မေး။ ။ ပြခန်းမှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ MSME အထောက်အကူပြုပြသထားမှုတွေကို ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ဖြေ**။ ။ အဓိကကတော့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံစနစ်က မဟာဗျူဟာမဏ္ဍိုင်ဖြစ်ကြောင်း မီးမောင်းထိုးပြသထားပါတယ်။ ဒီစနစ်ရဲ့အဓိကလုပ်ငန်းစဉ်(၅)ရပ်ဖြစ်တဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ တိကျစွာတိုင်းတာခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနဲ့ အသိအမှတ်ပြုခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ နည်းပညာလွှဲပြောင်းမှုနဲ့ သုတေသနလုပ်ငန်းဆိုင်ရာပြကွက်တွေကို ခင်းကျင်းပြသထားပါတယ်၊

တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ) ပြကွက်မှာ ISO/IEC စံချိန်စံညွှန်းတွေနဲ့အညီ တည်ထောင်ထားမှုတွေ၊ သိပ္ပံက ဓာတ်ခွဲခန်းခုနစ်ခုအကြောင်း၊ မြန်မာနိုင်ငံရဲ့ ပထမဆုံး ISO/IEC 17025: 2017 နိုင်ငံတကာအသိအမှတ်ပြုမှုလက်မှတ်ရရှိထားတဲ့ ဒြပ်ထုတိုင်းတာဓာတ်ခွဲခန်းနဲ့ ဆန်စပါးစိုထိုင်းဆတိုင်းတာမှုတွေကို ပြသထားပါတယ်။

ပြီးတော့ မြန်မာစံချိန်စံညွှန်းစာအုပ်တွေကိုလည်း ပြည်သူတွေ ဗဟုသုတတိုးပွားအောင်နဲ့ MSME လုပ်ငန်းရှင်တွေ အသုံးပြုနိုင်ဖို့အတွက် ရောင်းချပေးလျက်ရှိပါတယ်။ အရင်က မြန်မာစံချိန်စံညွှန်း ၄၃၉ ခုပဲ ရှိခဲ့ပါတယ်။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မြန်မာစံချိန်စံညွှန်း ၄၅၀ ကို တိုးမြှင့်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ မြန်မာစံချိန်စံညွှန်း ၈၈၉ ခုအထိ သတ်မှတ်ပြဋ္ဌာန်းနိုင်ပြီ ဖြစ်တဲ့အတွက် သိသိသာသာ တိုးတက်လာတာကိုလည်း တွေ့ရပါတယ်။ မြန်မာစံချိန်စံညွှန်း ရောင်းချပြီး နိုင်ငံတော်ဘဏ္ဍာကို ပေးသွင်းငွေတွေလည်း သိသာစွာတိုးတက်လာတယ်၊ ဓာတ်ခွဲခန်းတွေမှာ လုပ်ငန်းရှင်တွေ လာရောက်စမ်းသပ်တဲ့အကြိမ်အရေအတွက်နဲ့ နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းငွေတွေလည်း သိသာစွာတိုးပွားလာတာတွေ တွေ့ရပါတယ်။

၂၀၂၁ ခုနှစ်ကစလို့ MSME ဖွံ့ဖြိုးတိုးတက်လာတဲ့ ပြဋ္ဌာန်းကိန်းအနေနဲ့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက လုပ်ငန်းရှင်တွေထံ နည်းပညာလွှဲပြောင်းနိုင်မှုအရေအတွက်ကို လေ့လာကြည့်ရင် အရင်က နည်းပညာလွှဲပြောင်းနိုင်မှု ၂၉ ခုသာရှိရာကနေ လက်ရှိမှာ ၆၂ ခုရှိလာပြီဖြစ်လို့ အခုနိုင်ငံတော်အစိုးရလက်ထက်မှာ နည်းပညာလွှဲပြောင်းနိုင်မှု ၃၃ ခု တိုးတက်လာတာဖြစ်ပါတယ်။



အဲဒီနည်းပညာလွှဲပြောင်းမှုပြကွက်မှာ MSME လုပ်ငန်းရှင်တွေဆီ နည်းပညာလွှဲပြောင်းပေးခဲ့ပြီး ဒေသထွက်ကုန်ကြမ်းအခြေပြု ဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းတွေကို ပြသထားပါတယ်။ သုတေသနလုပ်ငန်းတွေအနေနဲ့ ဝါး၊ သစ်အလေအလွင့်၊ အုန်းဖိုက်ဘာဆိုင်ရာ သုတေသနထုတ်ကုန်ပစ္စည်းတွေနဲ့ MSME လုပ်ငန်းသုံးပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချမှုဆိုင်ရာ ပစ္စည်းတွေကိုလည်း ပြသထားတာဖြစ်ပါတယ်။ ပြီးတော့ အစားအစာတီထွင်ဆန်းသစ်မှုဌာန(Food Innovation Center)ရဲ့ ကုန်ကြမ်းပေး၊ ကုန်ချောယူဝန်ဆောင်မှုလုပ်ငန်းတွေကိုပါ ပြသထားပါတယ်။

ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ နည်းပညာပံ့ပိုးပေးဖို့ တောင်းခံလာရင်ဖြစ်ဖြစ်၊ လုပ်ငန်းတွေ ပိုမိုချဲ့ထွင်နိုင်ဖို့ ဒေသထွက်ကုန်ကြမ်းသစ်တွေကနေ နည်းပညာအသစ်အဆန်းတွေ အသုံးချပြီး မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်ရင်ပဲဖြစ်ဖြစ်၊ သင်တန်းပို့ချဖို့ပဲဖြစ်ဖြစ် One Stop Service ကောင်တာမှာ တာဝန်ရှိသူတွေနဲ့ မေးမြန်းဆွေးနွေးချိတ်ဆက် ဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ ဇီဝနည်းပညာသုတေသနဦးစီးဌာန ပြကွက်ရဲ့ MSME ဝန်ဆောင်မှုတွေကိုသိပါရစေ။**

**ဖြေ**။ ။ ဇီဝနည်းပညာသုတေသနဦးစီးဌာနရဲ့ ဇီဝနည်းပညာထုတ်ကုန်ပြကွက်မှာ လက်ရှိထုတ်လုပ်ရောင်းချနေတဲ့ ဇီဝထုတ်ကုန်ခြောက်မျိုးဖြစ်တဲ့ ရွှေစိမ်း (အပင်အားတိုးဆေး)၊ ရွှေဆည်ရည် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါပိုးကာကွယ်ဆေး)၊ ရွှေပိုးနှင် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါပိုးကာကွယ်ဆေး)၊ ရွှေဇီဝ(အကျိုးပြုအဏုဇီဝပိုးတွေပါသောဇီဝမြေဩဇာ)၊ တစ်သျှူးမျိုးပွားအပင်တွေ (နဂါးမောက်၊ တပင်တိုင်မြနန်း၊ ရွှေနီ၊ ဖီးကြမ်း၊ ခွံဝါတစ်သျှူးငှက်ပျော၊ နာနတ်၊ မြန်မာသစ်ခွ၊ ပိန်းပန်း)၊ Green–Tricho ဇီဝမှိုသတ်ဆေး (မြေတွင်းအောင်းမှိုသတ်ဆေး၊ မြေဆောင်၊ လေဆောင်၊ အစေ့ဆောင်မှို) စတာတွေကို ပြသထားပြီး ဝယ်ယူအားပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။

ဒါ့အပြင် နည်းပညာလွှဲပြောင်းပေးဖို့ ရှိတဲ့ ဇီဝထုတ်ကုန်ငါးမျိုးဖြစ်တဲ့ အကျိုးပြုအဏုဇီဝပိုးတွေပါတဲ့ ဇီဝမြေဩဇာခဲ၊ ရှားစောင်းဆပ်ပြာ(အသားအရေထိန်းသိမ်းဆပ်ပြာ)၊ သစ်ခွဆပ်ပြာ၊ အာဟာရပြည့်ဝပြီး ဈေးနှုန်းသက်သာတဲ့ ပြည်တွင်းကုန်ကြမ်းနဲ့ထုတ်လုပ်တဲ့ ငါးစာ၊ လက်ဖက်စိမ်းဖျော်ရည် စတာတွေလည်း ပြသထားပါတယ်။

ဒါတွေနဲ့ပတ်သက်ပြီး နည်းပညာပံ့ပိုးပေးတဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်နိုင်တဲ့အပြင် ရေအရည်အသွေးမြှင့်တင်မှု အပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေး–မွေးမြူရေးလုပ်ငန်းတွေ၊ တိုင်းရင်းဆေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ဖို့ ဇီဝနည်းပညာပံ့ပိုးပေးတဲ့ ဝန်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနိုင်ပါတယ်။ ဇီဝနည်းပညာသင်တန်းတွေ ဒေသအလိုက် ပို့ချပေးဖို့ လိုအပ်ရင်လည်း ချိတ်ဆက်ညှိနှိုင်းတောင်းခံနိုင်ပါတယ်။

**မေး။ ။ အဏုမြူစွမ်းအင်ဦးစီးဌာနရဲ့ ပြကွက်ကိုလည်း သိပါရစေ။**

**ဖြေ**။ ။ အဏုမြူစွမ်းအင်ဦးစီးဌာနရဲ့ ပြကွက်မှာ နျူကလီးယားနည်းပညာကို အသုံးချပြီး MSME ထုတ်ကုန်တွေကို အရည်အသွေးနဲ့ တန်ဖိုးမြှင့်တင်ထုတ်လုပ်ပုံတွေကို အဓိကပြသထားပါတယ်။ ဂမ္မာဓာတ်ရောင်ခြည်ပေးပြီး ဝန်ဆောင်မှုလုပ်ငန်းခုနစ်မျိုးကို ယေဘုယျအားဖြင့် ဆောင်ရွက်နိုင်တယ်။

ဒါတွေကတော့ အစားအစာတွေ ဘေးအန္တရာယ်ကင်းရှင်းစေတာနဲ့ တာရှည်ခံတာ၊ စက်မှုထုတ်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဝိုင်ယာကြိုးတွေ၊ Polythylene Foam Pipe တွေရဲ့ ဂုဏ်သတ္တိအရည်အသွေး တိုးတက်မြှင့်တင်လာစေတာ၊ စိုက်ပျိုးရေးအထောက်အကူပြုလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ လျှော့ချရေးမှာ အထောက်အကူဖြစ်စေတာ၊ သဘာဝတွင်းထွက် ကျောက်မျက်တွေရဲ့ အရည်အသွေးမြှင့်တင်တာ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေရဲ့ အရည်အသွေးမြှင့်တင်တာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဖြစ်ပါတယ်။

အဓိကကတော့ လာရောက်လေ့လာကြတဲ့ ပြည်သူတွေအနေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးချမှုဆိုင်ရာ အသိအမြင် ဗဟုသုတတွေရရှိအောင်၊ MSME လုပ်ငန်းရှင်တွေအနေနဲ့လည်း နျူကလီးယားနည်းပညာကိုအသုံးချပြီး လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ အမြင်သစ်တွေရအောင် ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

**ဖြေ**။ ။ (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ ပြခန်းအသီးသီးမှာ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနတွေနဲ့ လုပ်ငန်းရှင်တွေကို တစ်ထိုင်တည်း ချိတ်ဆက်ဆောင်ရွက်ပေးတယ်။ ဝန်ဆောင်မှုပေးတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုပါတယ်။ ။

မေးမြန်း-ဝင်းဝင်းမင်း
ဓာတ်ပုံ-ကိုကြီးထိန်

# ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးထိန်လင်း တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၁၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှဝန်ထမ်းများ ဥပဒေဆိုင်ရာအသိပညာဗဟုသုတများတိုးပွားပြီး ဥပဒေရေးရာ စည်းမျဉ်းစည်းကမ်းများကို ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဥပဒေရေးရာ စည်းမျဉ်းစည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်ပြီး ဗဟုသုတရရှိစေရန်အတွက် အတိုချုံး၍ ဆင့်ပွားသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူအရာထမ်းအမှုထမ်းများအနေဖြင့် ဥပဒေပညာကို ဆက်လက်ဆည်းပူးလေ့လာသွားရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅) ကို ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၈ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ရှိ Multipurpose Hall ၌ သင်တန်းနည်းပြ ငါးဦးတို့က သင်တန်းသား၊ သင်တန်းသူ အရာထမ်းအမှုထမ်းဦးရေ ၅၀ တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့်ဝန်ကြီးဌာနမှထုတ်ပြန်ထားရှိသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈)နှင့် နည်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို အကျွမ်းတဝင်နားလည်မှုရှိရန်လိုအပ်ကြောင်း၊ ယခုသင်တန်းတွင် ဝန်ထမ်းများသိသင့်သိထိုက်သောစီးပွားရေးစာချုပ်စာတမ်းစိစစ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်မူကြမ်းများရေးဆွဲခြင်းဆိုင်ရာများကို အသိပညာပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနရှိဝန်ထမ်းအဆင့် ဝန်ထမ်းများအားလုံးတက်ရောက်ကြပြီး သုံးရက်တာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# မီးရထားခရီးစဉ်များ အဆင်ပြေချောမွေ့စွာပြေးဆွဲနိုင်ရေး မန္တလေးဘူတာကြီးမှ ရမည်းသင်းဘူတာအထိ ရထားလမ်းပိုင်းကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှစ၍ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို DEMU ရထားဖြင့်လည်းကောင်း၊ နေပြည်တော် - မန္တလေးလမ်းပိုင်းကို လေအိတ်အမြန်ရထားဖြင့်လည်းကောင်း ရထားခရီးစဉ်များ ပြေးဆွဲမည်ဖြစ်ရာ ရထားခရီးစဉ်များ အဆင်ပြေချောမွေ့စွာ ပြေးဆွဲနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးမှ ရမည်းသင်းဘူတာအထိ မီးရထားလမ်းပိုင်းများကွင်းဆင်းစစ်ဆေးသည်။

တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်) ဦးစိုးသော်လင်း၊ သက်ဆိုင်ရာ တိုင်းတာဝန်ခံ၊ တိုင်းအရာရှိများနှင့်အတူ မန္တလေးဘူတာကြီးမှ RBE ရထားဖြင့် တိုင်းဒေသကြီးအတွင်းပါဝင်သည့် ရထားလမ်းပိုင်းများကြံ့ခိုင်မှုရှိရေးနှင့် တရားမဝင်လမ်းကူးများကို ကွင်းဆင်းစစ်ဆေးရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက နယ်မြေအလိုက် ရထားလမ်းပိုင်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးဘူတာကြီးမှ ရမည်းသင်းဘူတာအထိ ရထားလမ်းပိုင်းတွင် တရားဝင်လမ်းကူး ၅၂ ခုနှင့် တရားမဝင်လမ်းကူး ၉၇ ခုရှိရာ အဆိုပါတရားမဝင်လမ်းကူးများကို ပိတ်သိမ်းနိုင်ရေးနှင့် တရားမဝင်လမ်းကူးဖောက်လုပ်မှုများမရှိစေရေး ပြည်သူများကို အသိပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) မှ မန္တလေး-ချင်းမိုင် တိုက်ရိုက်ခရီးစဉ်သစ် စတင်ပြေးဆွဲ




ရန်ကုန် ဖေဖော်ဝါရီ ၁၁

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) မှ မန္တလေး-ချင်းမိုင် တိုက်ရိုက်ခရီးစဉ်ကို ဖေဖော်ဝါရီလ ၁၀ ရက်မှစတင်၍ အပတ်စဉ်တနင်္လာနေ့နှင့်သောကြာနေ့တိုင်း တစ်ပတ်လျှင်နှစ်ကြိမ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ခရီးစဉ်သစ် စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့သည်။

MAI လေကြောင်းလိုင်းမှ ယမန်နေ့က မန္တလေးမြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တို့အကြား တိုက်ရိုက်ခရီးစဉ်သစ်ကို စတင်ပြေးဆွဲကြောင်းကြေညာခဲ့ပြီး မန္တလေး-ချင်းမိုင်ခရီးစဉ်သည် MAI ပြေးဆွဲနေသည့် နိုင်ငံတကာခရီးစဉ်ကွန်ရက်တွင် ၂၀၂၅ ခုနှစ်အတွင်း အသစ်တိုးချဲ့ပြေးဆွဲသည့် ပထမဆုံးခရီးစဉ်ဖြစ်သလို MAI ၏ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပျံသန်းပြေးဆွဲနေသည့် ဘန်ကောက်-သုဝဏ္ဏဘူမိလေဆိပ်၊ ဘန်ကောက်-ဒွန်မောင်းလေဆိပ်နှင့် နိုဗိုစီဗစ်ခရီးစဉ်များပြီးနောက် ထပ်မံပြေးဆွဲသည့် စတုတ္ထမြောက်ခရီးစဉ်အသစ်ဖြစ်သည်။

ခရီးစဉ်အသစ်စတင်ပြေးဆွဲသည့်အထိမ်းအမှတ်အဖြစ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချင်းမိုင်လေဆိပ်သို့ ဆိုက်ရောက်လာသည့်လေယာဉ်ကို ရေပက်ဖျန်းကြိုဆိုခဲ့ပြီး ခရီးစဉ်အတွင်းလိုက်ပါစီးနင်းလာကြသည့် ခရီးသည်များအားကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အမှတ်တရလက်ဆောင်များပေးအပ်ကာ ခရီးဦးကြိုဆိုခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

# “ ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏“ **ပြည်သူ့ကြားကပြည်သူ့စကား**”အစီအစဉ်မှ “**NUG ကလည်းတော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ခားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ**” ခေါင်းစဉ်ဖြင့် ၁၂-၂-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ **မရိုးနိုင်သော ကောလာဟလများ**” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၃˚C |
| ရန်ကုန် | ၁၈˚C | / | ၃၅˚C |
| မန္တလေး | ၁၈˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ရေဘေးကာကွယ်ရေးတာများ၏အရေးပါပုံနှင့် စီမံခန့်ခွဲမှုခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရေဘေးကာကွယ်ရေးတာများ၏အရေးပါပုံနှင့် စီမံခန့်ခွဲမှု (Flood Protection of Embankments) ခေါင်းစဉ်ဖြင့် (၄၂)ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ထိန်းသိမ်းစီမံခန့်ခွဲမှုများဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လယ်ယာကဏ္ဍနှင့် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများအပေါ် အကျိုးပြုနိုင်မှုနှင့် အရေးပါမှု၊ ရေဘေးကာကွယ်ရေးတာများ ဘေးကင်းလုံခြုံပြီး ရေရှည်အကျိုးပြုနိုင်စေရေးအတွက် ဌာနနှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်မှုလျော့နည်းစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်ခဲ့မှုနှင့် ကုစားဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူများ၏မေးမြန်းချက်များကို သက်ဆိုင်ရာပညာရှင်များက ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ ဒုတိယဝန်ကြီး ဦးဇင်မင်းထက် တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇီးဖြူပင်ကျောင်း၌ကျင်းပသည်။


ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇီးဖြူပင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များချမှတ်ပြီး သက်မွေးပညာပေးသင်တန်းများ၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်လေ့လာရေးအစီအစဉ်များ စသည်တို့အပြင် မသန်စွမ်းလူငယ်များအပါအဝင် လူငယ်များအတွက်အသက်မွေးဝမ်းကျောင်းပညာသင်စရိတ်ထောက်ပံ့ပေးခြင်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နေပြည်တော်လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်က “နေရာအလိုက်တန်ဖိုး” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြော၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဇီးဖြူပင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အကြည်စန်းထံသို့ အားကစားပစ္စည်းများနှင့် စာအုပ်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်အား အမှတ်တရဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်ပြီး ကျောင်းသားလူငယ်များအား လူငယ်ရေးရာ ဉာဏ်စမ်းပဟေဠိမေးခွန်းမေးမြန်းဖြေကြားသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၅၀၀)





● **ကျောဖုံးမှအဆက်**

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ညအပူချိန်များ အနည်းငယ်လျော့နည်းခြင်းနှင့် မိုးရွာသွန်းမှုမူမမှန်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

(မိုး/ဇလ)

## ခန္တီးမြို့နယ် ဆင်သေ-နန်ဖာကျေးရွာချင်းဆက်လမ်း အမာခံခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး



နေပြည်တော် ဖေဖော်ဝါရီ ၁၁

ခန္တီးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်အတွင်း ဆင်သေနှင့်နန်ဖာကျေးရွာချင်းဆက်မြေသားလမ်း ၄ မိုင် အမာခံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဆင်သေနှင့် နန်ဖာကျေးရွာချင်းဆက်မြေသားလမ်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာခြောက်ရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့်ပန်းချီအရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ(MMC)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူးက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသစ်လွင်၊ ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)နှင့် တေးသံရှင် ဦးသန်းမြတ်စိုးတို့က ပြပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် မိုးကျော်စာပေဖြန့်ချိရေး၊ စောဦးစာပေဖြန့်ချိရေး၊ မြဝတ်ချိုစာပေဖြန့်ချိရေး၊ တံခွန်တိုင်စာပေဖြန့်ချိရေး၊ ရဲတံခွန်စာပေဖြန့်ချိရေး၊ နွယ်ပိုးအိမ်စာပေဖြန့်ချိရေး၊ အောင်ကျော်စာပေဖြန့်ချိရေး၊ အလင်းတန်းစာပေဖြန့်ချိရေးတို့နှင့် မြဝတီစာပေတိုက်တို့အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ ဘာသာပြန်အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ဆောင်းပါး၊ ပညာရေး၊ ကျန်းမာရေး၊ အောင်မြင်ရေး၊ တိုင်းရင်းဆေး၊ ရှားပါးစာပေများအပါအဝင် စာအုပ်ပေါင်း သုံးသောင်းခွဲကျော် ခင်းကျင်းပြသရောင်းချနေမှုကိုလည်းကောင်း၊ ပန်းချီဆရာအောင်သျှိုင်း၊ မောင်တည်တံ့၊ သက်နိုင်ဝင်း၊ သရုပ်ဆောင် ယဉ်လတ်အပါအဝင် ပန်းချီဆရာလေးဦး၏ ပန်းချီကားအနုပညာလက်ရာပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။



ပြပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲရက်များအတွင်း ပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

ပြပွဲကျင်းပရာ မြဝတီမီဒီယာစင်တာတွင် 4K အရည်အသွေးဖြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projector ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများ ပြုလုပ်နိုင်ပြီး စတိတ်စင်၏ နောက်ခံဒီဇိုင်းများကို လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် TV Studio နှစ်ခန်း၊ Talk Show Studio၊ Radio Studio၊ Mini Studio ၊ Sound Studio၊ News Studio၊ Music Studio အခန်းများ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများ၊ စီးပွားရေးဆိုင်ရာရုံးခန်းများ၊ လုံခြုံစိတ်ချသည့် ကားအစီးရေ ၂၀၀ ဆံ့ ကားပါကင်နှင့် အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုများကိုပါ ရရှိနိုင်သည့်အတွက် မီဒီယာနှင့် သက်ဆိုင်သည့် ပြပွဲ၊ ပြိုင်ပွဲများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ကျင်းပနိုင်ကြောင်း မြဝတီမီဒီယာစင်တာမှ သိရသည်။

**သတင်း-ကျော်ကြီး၊ ဓာတ်ပုံ-မောင်သီ**

---

# MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ သုံးရက်တာကျင်းပမည်





ရန်ကုန် ဖေဖော်ဝါရီ ၁၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲကို ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ မြဝတီမီဒီယာစင်တာ (MMC)၌ ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြပွဲသုံးရက်တာမှာ နေ့စဉ်နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ရောင်းချပေးသွားမယ်။ အခုက ပထမဆုံးအကြိမ် ကျင်းပတာပါ။ နောက်ထပ် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ပြပွဲတွေ ဆက်လက်ကျင်းပနိုင်ဖို့ ကြိုးစားသွားမယ်။ ဒီပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်လည်းရှိတာကြောင့် အကောင်အထည်ဖော်ဆောင်ရွက်တာပါ။ ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Update လုပ်နေတာတွေ့ရတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ အထောက်အကူပြုတဲ့အနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြဝတီမီဒီယာစင်တာ စာနယ်ဇင်းဌာန၏ အထွေထွေမန်နေဂျာ ဦးမြင့်နိုင်က ပြောကြားသည်။

သုံးရက်တာအတွင်း နိုင်ငံကျော် စာရေးဆရာကြီးများ၏ စာအုပ်စာပေများနှင့် ပန်းချီပညာရှင်ကြီးများ၏ ပန်းချီလက်ရာမွန်များကို ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်သည့်အပြင် ပန်းချီကားပေါင်း ၁၀၀ ကျော်၊ စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ စာအုပ်ရေပေါင်း သုံးသောင်းခွဲကျော်ကိုပါ ဈေးနှုန်းချိုသာစွာရောင်းချပေးသွားမည်ဖြစ်ကြောင်း မြဝတီမီဒီယာစင်တာစာနယ်ဇင်းဌာနမှ သိရသည်။

စာအုပ်စာပေအရောင်းပြပွဲတွင် မိုးကျော်၊ စောဦး၊ မြဝတ်ချို၊ တံခွန်တိုင်၊ ရဲတံခွန်၊ နွယ်ပိုးအိမ်၊ အောင်ကျော်၊ အလင်းတန်းစာပေဖြန့်ချိရေးတို့နှင့် မြဝတီစာပေတိုက်တို့ အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ ဘာသာပြန်အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ဆောင်းပါး၊ ပညာရေး၊ ကျန်းမာရေး၊ အောင်မြင်ရေး၊ တိုင်းရင်းဆေး၊ ရှားပါးစာပေများ အပါအဝင် စာပေအမျိုးအစားစုံလင်စွာဖြင့် စာအုပ်ပေါင်း သုံးသောင်းခွဲကျော် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ကျွန်တော်က Acrylic အမျိုးအစား ပန်းချီကားရှစ်ကား ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။ ဒီမြဝတီစင်တာက ခန်းမ၊ ကားပါကင်အနေအထားက ကျယ်ဝန်းတယ်။ ဝန်ဆောင်မှုကောင်းတယ်။ ပန်းချီပြပွဲလုပ်လို့ ကောင်းတယ်။ ဒါကြောင့် တခြားပန်းချီဆရာတွေနဲ့ပူးပေါင်းပြီး ပြပွဲကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်။ ပန်းချီကားတွေကနေ ပန်းချီရသကို အပြည့်အဝခံစားနိုင်မှာဖြစ်တဲ့အတွက် လာရောက်လေ့လာစေချင်ပါတယ်။ ပြီးတော့ ပတ်ဝန်းကျင်အနေအထားနဲ့ ဝန်ဆောင်မှုကောင်းတွေကို မြင်တွေ့ခံစားနိုင်မှာဖြစ်တဲ့အတွက် အရောက်လာခဲ့ဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု ပန်းချီကားများ ပါဝင်ပြသသည့် ပန်းချီဆရာသက်နိုင်ဝင်းက ပြောပြသည်။

ထို့ပြင် ပြပွဲလာရောက်ကြည့်ရှုသူများအတွက် အစားအသောက်ဆိုင်များ၊ ပစ္စည်းအရောင်းဆိုင်များကိုပါ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ပြပွဲကာလအတွင်း Caricature ရုပ်ပြောင်ပန်းချီဆရာအောင်ကျော်မှ ပုံတူရုပ်ပြောင်ပန်းချီများကို ရေးဆွဲပေးသည့် အစီအစဉ်နှင့် စာရေးဆရာများနှင့် စာဖတ်သူပရိသတ်များတွေ့ဆုံမည့် အစီအစဉ်တို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပလျက်ရှိသည့် စာအုပ်နှင့် ပန်းချီအရောင်းပြပွဲသည် မြဝတီမီဒီယာစင်တာဝင်းအတွင်း ပထမဦးဆုံးပြုလုပ်သည့် အရောင်းပြပွဲဖြစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်သူတိုးပွားလာရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ကျော်ကြီး၊ ဓာတ်ပုံ-မောင်သီ**


အရည်အသွေးပြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကိုပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile
KHA YAE PIN MART
SHWE PHE OO
Lemon Tea
PYIN OO LWIN
NAN MYAING
2+1 coffee
SUGARMEC


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောက်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) ထိုး BEST Practices Award ရရှိသည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၆ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၇ ဒီဂရီဖာရင်ဟိုက်မှ ၅၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၉ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၆ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၇ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၂၁ မီလီမီတာမှ ၃၀ မီလီမီတာအတွင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၁ မီလီမီတာမှ ၄၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၁ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# သာစည်မြို့နယ်နှင့်ဘားအံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိ





ဘားအံမြို့နယ်တွင် ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၆ ရက်နေ့ ည ၁၀ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်ဘက်သို့ အားဘ(ခ)အားဆာ မောင်းနှင်ပြီး မမိုးမိုးအေးလိုက်ပါလာသည့် MITSUBISHI PAJERO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် ၈ နာရီခွဲအချိန် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အဝေးပြေးကားကြီးဝင်းတွင် ထွန်းဇော်ဒေးဦးနှင့် မဖြူဖြူအောင်တို့ ၂ ဦးအား TOYOTA NOAN VOXY မော်တော်ယာဉ်တစ်စီးနှင့်အတူ ငါးခြောက်အိတ်များအတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီအချိန် မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စောအုန်းကြွယ်(ခ) အုန်းကျော်အား ဆိုင်ကယ် ၁ စီးနှင့်လည်းကောင်း၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်တွင် တိုးတက်ထွန်း(ခ)တိုးကြီးနှင့် ကောင်းဆက်ကျော်(ခ)ကိုဆက်တို့အား TOYOTA WISH မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်းသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ မြဝတီနယ်စပ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)



သာစည်မြို့နယ်တွင် ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

■ **(၇၈)နှစ်မြောက်မှ**

MRTV Website၊ MRTV App:၊ Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ည(၆)နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live )ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည(၈)နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၇ ရက်**တွင် ကျောက်ဆည်မြို့နယ်၊ ကြောင်ကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၂၄၅)တန်၊ အခြားသစ် (၃ ဒသမ ၈၆၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၄၉၉) ကို သစ်တောဥပဒေအရ လည်းကောင်း၊ **ဖေဖော်ဝါရီလ ၁၀ ရက်**တွင် ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Volvo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၀၁၄၉၉)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၁၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မော်လမြိုင်မြို့မှရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Asia Star Bus (၁)စီး၊ Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၉၆၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၈၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၈၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၇၂၆၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၂)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့ တံတားဖြူကျေးရွာအနီး၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စမ်းချောင်းမြို့နယ်ဟံသာဝတီအဝိုင်းအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၄၀)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၁၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၃၂၅၈၉၉၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက်အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “soe tha zin 17” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသာမြို့သစ် (၃)ရပ်ကွက်နေ စိုးဇင်ဇင်(ခ) စိုးသဇင်(ခ)စနိုးအား မွန်းလွဲ ၂ နာရီ ၄၀ မိနစ်တွင် ပဲခူးမြို့နယ်၊ အမှတ် (၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ပေါက်မြို့နယ်၊ မကျီးစင်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ပြီး အမျိုးသား ၁ ဦးအား သတ်ဖြတ်ခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ မကျီးစင်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များကဝင်ရောက်၍ နေအိမ် ၃၀ ခန့်အား မီးရှို့ခဲ့ပြီး အမျိုးသား ၁ ဦးအား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများမဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော်လည်း ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများအား ဥပဒေမဲ့သတ်ဖြတ်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




(၁၀၀)







## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ (၂၀၂၄-၂၀၂၅)ခုဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် Lot(1)ပါ ငွေလုံးငွေရင်းလုပ်ငန်း(၂)ခုဖြစ်သည့် ချစ်ကြည်ရေးတံတားအမှတ်(၁)ဘေးသံကူကွန်ကရစ်ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း(၆၀'x၂'x၁၇'-၆")နှင့် ချစ်ကြည်ရေးတံတားအမှတ်(၁)အောက် သံကူကွန်ကရစ်ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း (၁၄၀'x၂'x၁၇'-၆")၊ Lot(2)ပါ ငွေလုံးငွေရင်းလုပ်ငန်း(၁)ခုဖြစ်သည့် Allure Hotel အနောက်သံကူကွန်ကရစ်ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း(၂၁၀'x၂'x၁၇'-၆")လုပ်ငန်းများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန် - (၁၂-၂-၂၀၂၅)ရက်နေ့မှ(၂၅-၂-၂၀၂၅) ရက်နေ့အထိ(ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - (၂၆-၂-၂၀၂၅)ရက်နေ့ (၁၆:၀၀ နာရီ)
တင်ဒါတင်သွင်းရမည့်နေရာ - ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တာချီလိတ်မြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို စုံစမ်းရန်အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဖုန်း-၀၈၄-၂၀၅၁၅၀၄ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
### ပျဉ်းမနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် လူနာများကုသပေးရန် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲ၊ ခွဲစိတ်မှန်သုံး ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် 2/PMA-DMS (2024-2025)အား ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းရမည့်ရက် - ၁၁-၂-၂၀၂၅ ရက်(အင်္ဂါနေ့)
တင်ဒါပုံစံစတင်ရောင်းချမည့်အချိန် - နံနက်(၉:၃၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၂-၂၀၂၅ ရက်(အင်္ဂါနေ့) ညနေ(၄:၃၀)နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၈၀၂၂၃၀၉

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့**

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
### "HEIN CHAN THAR COMPANY LIMITED."
### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအားစာရင်း ရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေး တက်ရောက်ရန် အကြောင်းကြားစာ

"HEIN CHAN THAR COMPANY LIMITED."၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ(၂၇)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၁၂၁)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

### ပျောက်ဆုံးကြောင်း
မမြတ်ဆုမွန်(ဘ)ဦးရဲထွန်း ၁၁/တကန(နိုင်)၀၈၉၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၅၁၈၄၃၇၈**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်-လှည်းကူးမြို့နယ်နေ အဘ ဦးကျော်ရွှေ၏ သား ဦးရဲဝင်းနှင့်ဦးဝင်းမြင့်ကျော် ၁၂/ဒဂမ(နိုင်)၀၁၂၇၀၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးရဲဝင်း(ခ)ဦးဝင်းမြင့်ကျော်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု အ.မ.က သဇင်ရိုးကျောင်း Grade-4 မှ စောလင်းလဲ့ရှိန်း၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ထွန်း ၁၄/ဇလန(နိုင်)၁၄၆၂၈၇ ဖြစ်ပါကြောင်း။
**ဦးဇော်ဇော်ထွန်း**

### အမည်ပြောင်း
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade-3(C) မှ ပညာသင်ကြားနေသော အဘ ဦးပြည့်ဖြိုးနောင် ၉/မပဟမ(နိုင်)၀၁၄၆၃၆ ၏ သား မောင်စိုင်းခန့်သူရဖြိုးအား မောင်စိုင်းကောင်းထက်ယံလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်စိုင်းကောင်းထက်ယံလင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အ.ထ.က သာဂရ Grade-12 မှ ပညာသင်ကြားနေသော မောင်သန်းထိုက်အောင်၏ဖခင် ဦးဌေးနှင့်ဦးအောင်ဌေး ၇/ရတရ(နိုင်)၀၉၈၉၅၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဌေး(ခ)ဦးအောင်ဌေး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အ.ထ.က ဖူလုံ Grade-9(B) တွင် ပညာသင်ကြားနေသော မခိုင်ဇာဇာ၏ဖခင် ဦးဇော်နိုင်ဝင်း၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၅၄၂၅၈ အရ ဦးဇော်ဝင်းနိုင်ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်းနိုင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အ.ထ.က ဖူလုံ Grade-9(B)တွင် ပညာသင်ကြားနေသော မဇမ်နော်၏ဖခင် ဦးဒေါင်ဇောင်း၏အမည်မှန်မှာ ၅/အရတ(နိုင်)၀၇၁၅၆၇ အရဦးဒေါ်ဇောင်းဖြစ်ပါကြောင်း။
**ဦးဒေါ်ဇောင်း**

### အမည်မှန်
ပုသိမ်မြို့၊အထက(၂)၊Grade-12 အခန်း(A)မှ ဦးစိုးထွန်း၏သမီး မခင်ငြိမ်းထက်၏ အမည်မှန်မှာ မခင်မြတ်နိုးထွန်း(၁၄/ပသန(နိုင်)၂၇၀၃၃၃) ဖြစ်ပါကြောင်း။
**မခင်မြတ်နိုးထွန်း**

### ပျောက်ဆုံးကြောင်း
လဲ့လဲ့ဝင်း(ဘ)ဦးတင်ထွန်း ၇/ပမန(နိုင်)၂၃၈၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 918897)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၇၇၇၅၆၀၀**

### ပျောက်ဆုံးကြောင်း
အိမွန်အောင်(ဘ)ဦးမြင့်အောင် ၁၀/သထန(နိုင်)၂၉၁၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 272781)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၅၃၅၇၆၇**

### ပျောက်ဆုံးကြောင်း
စိုင်းမောင်မောင်လေး(ဘ)စီအက်စ်စီဂျီဝါဒင် ၁၂/မဂဒ(နိုင်)၀၇၈၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၆၄၁၀**

### ပျောက်ဆုံးကြောင်း
အောင်မျိုးကျော်(ဘ)ဦးတင်အောင် ၁၂/ဗဟန(နိုင်)၀၄၈၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၁၄၇၄၁**

### ပျောက်ဆုံးကြောင်း
အောင်တေဇ(ဘ)ဦးလှမြင့် ၁၃/ကတန(နိုင်)၀၈၉၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၂၅၇၀၇၁**

### ပျောက်ဆုံးကြောင်း
ငွေရှောင်(ဘ)ဦးသိန်းအောင် ၁၀/မဒန(နိုင်)၁၁၃၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 805530)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၃၀၅၃၀၅၂**

### ပျောက်ဆုံးကြောင်း
သောင်းရီဌေး(ဘ)ဦးအောင်သိန်း ၁၄/ကပန(နိုင်)၂၁၆၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 127620)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၆၁၆၈၁၇၀**

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဝင်း(ဘ)ဦးကျော်လွင် ၅/တဆန(နိုင်)၁၁၆၅၂၃ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၈၁၇၆၈၅**

### ပျောက်ဆုံးကြောင်း
မေမြတ်သွယ်(ဘ)ဦးကျော်ညွန့် ၇/ဖမန(နိုင်)၁၇၈၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 441085)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၂၅၇၀၇၁**

### ပျောက်ဆုံးကြောင်း
ကျော်ကျော်လွင်(ဘ)ဦးမြင့်လွင် ၁၀/မလမ(နိုင်)၃၁၃၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၃၁၇၀၇၀၆**

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဦး(ဘ)ဦးလှဝင်း ၁၂/ဥကမ(နိုင်)၂၁၇၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 262068)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၈၁၂၉၁၀၈**

### ပျောက်ဆုံးကြောင်း
ဟိန်းဝင်းကျော်(ဘ)ဦးတင်ဝင်းမြင့် ၃/သတန(နိုင်)၀၂၅၈၄၀ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၁၀၅၇၄၄**

### ပျောက်ဆုံးကြောင်း
သိန်းထွန်း(ဘ)ဦးကျော်အေး ၁၂/သဃက(နိုင်)၀၆၈၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 216823)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၂၈၁၉၄၈**

### ပျောက်ဆုံးကြောင်း
မောင်ဘုန်းသန့်(ဘ)ဦးစိုးမင်း ၁၂/ဗဟန(နိုင်)၁၀၀၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးအောင်ကြည် ၉/ရမသ(နိုင်)၁၃၁၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
တင်ဇာထွန်း(ဘ)ဦးလှထွန်း ၁၂/သဃက(နိုင်)၁၄၈၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၄၆၇၀၁၅၄**

### ပျောက်ဆုံးကြောင်း
မျိုးမင်းထွန်း(ဘ)ဦးမြင့်စိန် ၉/လဝန(နိုင်)၁၆၆၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၅၀၁၄၄၂၅၅**

### ပျောက်ဆုံးကြောင်း
သဇင်မြင့်(ဘ)ဦးထွန်းမြင့် ၁၃/နဆန(နိုင်)၀၀၃၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၁၂၄၁၂၃**

### ပျောက်ဆုံးကြောင်း
သက်ထူးဇင်(ဘ)ဦးသန့်ဇင် ၁၂/ဒဂမ(နိုင်)၀၄၇၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မင်းကိုအောင်(ဘ)ဦးနိုင်လင်း ၈/စလန(နိုင်)၂၃၉၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 813735)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၂၆၅၆၅၄၃**

### ပျောက်ဆုံးကြောင်း
ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်-၃၈-ဒီနေ သူဇာမြင့်(ဘ)ဦးစိန်မြင့် ၁၂/ကမရ(နိုင်)၀၃၃၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၉၉၉၂၂**

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ၊ ဦးမြင့်ဇော်(ဘ)ဦးသိန်း ၉/ကပတ(နိုင်)၀၀၀၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 823022)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၃)ရပ်ကွက်နေ ဂုဏ်မြင့်အောင်ရွှေ(ဘ)ဦးကိုကိုအောင် ၁၂/ရပသ(နိုင်)၁၁၈၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၆၂၉၄၇၉၃**

### ပျောက်ဆုံးကြောင်း
လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့၊ တာလုံထန်ရွာနေ ရန်ရင်ဟွား(ဘ) ရန်လောက်အဲ ၁၃/လကန(နိုင်)၀၁၁၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 686254)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၁၉၇၆၃၉၉**

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ ဝပြန်ကျေးရွာနေ မနန်းအိဝါ(ဘ)ဦးမြင့်ထွေး ၇/သနပ(နိုင်)၁၆၈၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၈၆၅၅၈၉၉**

### ပျောက်ဆုံးကြောင်း
မင်းဘူးမြို့၊ ပေါက်လေးပင်ရွာနေ ခိုင်သဇင်ထွန်း(ဘ)ဦးထွန်းကြည် ၈/မဘန(နိုင်)၀၂၈၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၈၆၅၅၈၉၉**

❖ **တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက် **(ယနေ့)** တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ ၄၀ မိနစ်မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV NRC၊ 5 Plus၊ Readers' Channel၊ Channel 9၊ MNTV၊ Skynet Up to Date Channel၊ MWD HD၊ MWD VARIETY HD တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဥ္စဝတီ FM၊ မန္တလေး FM၊ ရွှေ FM၊ ပုဂံ FM နှင့် Star FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ **စာမျက်နှာ ၂၉ ကော်လံ ၁** ■

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အထူးစည်ကားလျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသရောင်းချလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ အများအပြား လာရောက်လေ့လာကြပြီး အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပြပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များသည်လည်း စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာကြသည်ကို တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ထုတ်ကုန်ပြခန်းအလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ **စာမျက်နှာ ၁၂ ကော်လံ ၁** ◆

## ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာ အခြေအနေတွင် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **စာမျက်နှာ ၂၆ ကော်လံ ၃** ●

**ယနေ့ထုတ်မြဝတီသတင်းစာတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အချပ်ပို (၄)မျက်နှာပါရှိပါသည်။**

